# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၂၃)



ယနေ့ သတင်းအညွှန်း

တည်နေရာကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်ယုံကြည်မှုတို့ အပြည့်အဝရှိသည့် မိတ်ဆွေ — စာမျက်နှာ ၆

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ပုလဲမွေးမြူထုတ်လုပ်ရေးနှင့် သစ်တောဂေဟစနစ်များ၏ အခန်းကဏ္ဍ — စာမျက်နှာ ၁၀

တစ်ပတ်တာဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ — စာမျက်နှာ ၁၃


## ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီ စလပ် ခိုဗာလစ်ဂ်၊

စာမျက်နှာ ၃ ကော်လံ ၁ ❖



## ဘားအံမြို့၌ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး) ပွဲတော် ကျင်းပ

ဘားအံ ဩဂုတ် ၂၃

(၄၇)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး)ပွဲတော်ကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပွဲတော်သို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်အားပေးကြသည်။

အဆိုပါပွဲတော်တွင် သဘာပတိက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဆုတောင်းမေတ္တာစကားပြောကြားကာ ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာ(လာခုဂ်ခါင်.စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

## ကြယ်များကို လက်တွေ့စူးစမ်းမည့် Kalaw Astro Youth Camp 2026 အစီအစဉ် လူငယ်များ စိတ်ဝင်စားမှုမြင့်တက်

ရန်ကုန် ဩဂုတ် ၂၃

မြို့ပြမီးရောင်များနှင့်ဝေးရာ ကလောမြို့၏ ညကောင်းကင်အောက်တွင် ကြယ်များနှင့် ဂြိုဟ်များကို Telescope များဖြင့် ကိုယ်တိုင်လေ့လာနိုင်မည့် Kalaw Astro Youth Camp 2026 အစီအစဉ်အပေါ် လူငယ်များ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်း Myanmar Astronomy & Science Enthusiasts Society-MASES မှ သိရသည်။

Kalaw Astro Youth Camp 2026 သည် လူငယ်များအကြား နက္ခတ္တဗေဒနှင့် STEM အသိပညာများ ပိုမိုပြန့်ပွားစေရန်နှင့် စကြဝဠာကို လက်တွေ့စူးစမ်းလေ့လာနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်သည့် အစီအစဉ်ဖြစ်ကြောင်း MASES မှ ထုတ်ပြန်ထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑




## ဩဂုတ် ၂၃ ရက်မှ ၂၇ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ" မှ ပြတ်ထွက်လာသော

စာမျက်နှာ ၃ ကော်လံ ၄ ✻

## ဒေသနှင့်ကိုက်ညီသည့် ပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးမည့် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ (တောင်ငူ)အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်သွားမည်

တောင်ငူ ဩဂုတ် ၂၃

တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ (တောင်ငူ)ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး သင်တန်းစင်တာတည်ဆောက်ပြီးစီးပါက ဒေသခံတိုင်းရင်းသားလူငယ်များကို ဒေသနှင့်ကိုက်ညီသည့် ပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြို့ကြီးရပ်ကွက်တွင် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ (တောင်ငူ) တည်ဆောက်မည့် မြေနေရာကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၄ ◆

# ကမ္ဘာ့စပါးကျီနိုင်ငံ ရည်မှန်းဆောင်ရွက်

မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးစပါးဧက ၁၅ သန်းခန့်နှင့် နွေစပါးဧက ၂ သန်းခန့် စုစုပေါင်းစပါးစိုက်ဧက ၁၇ သန်းဝန်းကျင် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပြည်တွင်းဈေးကွက်အကြိုက်စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက်အကြိုက် စပါးမျိုး ၂၀ ကျော်ခန့် စိုက်ပျိုးနေခြင်းဖြစ်သည်။ နှစ်စဉ်စပါးစိုက်ပျိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ စားသုံးပြီး ၂၀ ရာခိုင်နှုန်းခန့်ကိုသာ ပြည်ပသို့တင်ပို့နေခြင်းဖြစ်သည်။

"မိမိတို့အစိုးရအနေဖြင့် စားရေရိက္ခာအတွက် အဓိကကျသည့် ဆန်စပါးကို လယ်မြေအားလုံးတွင် ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးစေပြီး ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပကို ဆန်စပါးတင်ပို့မှု မြင့်မားခဲ့သည့်အခြေအနေကို ပြန်လည်ရောက်ရှိအောင် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဆိုသည့် မျှော်မှန်းချက်နှင့်အညီ ပထမအဆင့်တွင် ပြည်ပသို့ နှစ်စဉ်ဆန်တန်ချိန် သုံးသန်း တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် အရည်အသွေးကောင်း စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်နှင့် မျိုးအလိုက် စပါးစိုက်ဧက ၃ ဒသမ ၅ သိန်း ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအဆင့်တွင် နှစ်စဉ်ဆန်တန်ချိန် ငါးသန်းအထိတင်ပို့နိုင်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသတွင်းနိုင်ငံများအတွက်သာမက ကမ္ဘာ့စားနပ်ရိက္ခာကိုပါ ဖြည့်တင်းပေးနိုင်သည့် အဓိကနိုင်ငံများထဲတွင် ကမ္ဘာ့စပါးကျီနိုင်ငံအဖြစ် ပါဝင်လာနိုင်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း" နိုင်ငံတော်သမ္မတက နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၅ သန်းအထိတင်ပို့နိုင်ခဲ့ကာ ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပြည်ပတင်ပို့နိုင်မှုကျဆင်းခဲ့ပြီးနောက် နှစ်ပေါင်း ၈၀ ကျော်ခန့်ကြာပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၆ သန်း ပြည်ပသို့ပြန်လည်တင်ပို့နိုင်ခဲ့သည်။ မျက်မှောက်ခေတ်ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှုအများဆုံးနိုင်ငံများအနက် အာရှမှ အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် တရုတ်တို့ ပါဝင်နေသည်။

ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့ စားသုံးမှုအရည်အသွေးကောင်းမွန်သောဆန်များ ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးသန့်စိုက်ပျိုးသည့်ဓလေ့ကို ပြောင်းလဲ၍ မျိုးစေ့ထုတ်ကုမ္ပဏီများမှထုတ်လုပ်သော အရည်အသွေးကောင်းသည့်မျိုးစေ့များ ဝယ်ယူသုံးစွဲစိုက်ပျိုးရန်လိုအပ်ကြောင်း ပညာရှင်များက ပြောကြားသည်။ စပါးစိုက်ပျိုးသည့်အပိုင်းတွင် မျိုးကွဲများရောနှောနေခြင်း၊ ဆန်၏အရောင်အသွေး၊ ဆန်သားအရွယ်အစား စသည့်အားနည်းချက်များကို ဂရုပြုဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကြိတ်ခွဲထုတ်လုပ်မှုအပိုင်းတွင်လည်း သန့်ရှင်းပြီး အဆင့်အတန်းမီသည့်ဆန်များရရှိရန်နှင့် ခေတ်မီထုပ်ပိုးမှုရရှိရန်အတွက် ခေတ်မီဆန်စက်များဖြင့် ကြိတ်ခွဲထုတ်လုပ်ရမည်ဖြစ်သည်။ ဆန်အရည်အသွေးကောင်းမွန်မှုသည် စပါးစိုက်ပျိုးသည့် မြေအရည်အသွေးပေါ်တွင်မူတည်ခြင်းကြောင့် သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများကို အချိုးကျရောစပ်ထည့်သွင်း၍ မြေကိုဩဇာဓာတ်ပြည့်ဝစေခြင်းဖြင့် များစွာအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း လက်တွေ့ သုတေသနရလဒ်များ ရရှိထားသည်ဟုလည်းဆိုသည်။

ကမ္ဘာ့အကောင်းဆုံး ဆန်မျိုးများတွင်ပါဝင်သည့် ပေါ်ဆန်းစပါးကို ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ ဆန်ကိုချက်လိုက်သည့်အခါတွင် ထမင်းသည် ဆန်လုံးထက် အလျား နှစ်ဆခန့်ရှည်ထွက်လာခြင်း၊ နူးညံ့ခြင်း၊ မွှေးသောရနံ့ကိုရရှိခြင်း၊ အခြားဆန်များထက် ပို၍ ပရိုတိန်းဓာတ်ကြွယ်ဝခြင်းတို့ကြောင့် ပေါ်ဆန်းဆန်၏ စားသုံးမှုအရည်အသွေးမှာ ထိပ်တန်းအဆင့်တွင်ရှိနေသည်။ ၂၀၁၁ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင်ကျင်းပခဲ့သည့် ကမ္ဘာ့ဆန်စပါးညီလာခံတွင် နိုင်ငံပေါင်းစုံမှ ဆန်များ၏ စားသုံးမှုအရည်အသွေးပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပခဲ့ရာ မြန်မာပေါ်ဆန်းမွှေးက မြန်မာ့ပုလဲဆန် (Myanmar Pearl Rice) ဟူသောအမည်ဖြင့် ကမ္ဘာ့အကောင်းဆုံးဆုကို ဆွတ်ခူးခဲ့သည်။ ပေါ်ဆန်းမွှေးသည် အရည်အသွေးအကောင်းဆုံးနှင့် တန်ဖိုးအမြင့်ဆုံးအဖြစ် ထိပ်ဆုံးတွင်ရှိနေသော်လည်း ကောက်ကြီးစပါးဖြစ်ခြင်းကြောင့် စိုက်ပျိုးချိန်ရှည်ကြာပြီး အထွက်နှုန်းမှာလည်း အသင့်အတင့်သာရရှိနိုင်ရာ ယခုအခါ ရေဆင်းပေါ်ဆန်း-၁ နှင့် ရေဆင်းပေါ်ဆန်း-၂ ဟူသော ပေါ်ဆန်းမျိုးသစ်နှစ်မျိုး ပေါ်ထွက်လာပြီဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးရန် ပညာရှင်များက အကြံပြုထားသည်။

သို့ဖြစ်ရာ စားသုံးမှုအရည်အသွေး ထိပ်တန်းအဆင့်တွင်ရှိနေသည့် အရည်အသွေးကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးပြီး ပြည်ပဆန်ဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာကို ဖြည့်တင်းပေးနိုင်သော ကမ္ဘာ့စပါးကျီနိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။ ။

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

**၂၃ - ၈ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ" အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | |
|---|---|
| (က) ကာကွယ်ရေးဝန်ကြီးဌာန | ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) စစ်ရေးချုပ်ရုံး | ၀၃၆၃၁၃၄၇ ။ |
| (ဂ) အလုပ်သမားဝန်ကြီးဌာန | ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ**
**အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၅၇၅ | ၃၇၃၀ | ၃၆၈၅ | ၃၅၉၅ | ၃၇၃၅ | ၃၇၅၀ | ၃၇၈၅ | ၃၆၆၅ | ၄၀၃၀ | ၄၀၆၀ | ၃၆၈၅ | ၃၈၂၀ | ၃၇၇၅ | ၃၇၃၀ | ၃၇၄၅ | ၃၉၇၀ |
| 95 Ron | ၃၆၉၀ | ၃၈၅၀ | ၃၈၀၀ | ၃၇၃၀ | ၃၈၅၀ | ၃၈၆၅ | ၃၉၀၀ | ၃၇၈၀ | ၄၁၄၅ | ၄၁၇၅ | ၃၈၀၀ | ၃၉၄၀ | ၃၈၉၀ | ၃၈၄၅ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၄၀၇၀ | ၄၂၂၀ | ၄၁၇၅ | ၄၀၈၅ | ၄၂၂၅ | ၄၂၄၀ | ၄၂၇၀ | ၄၁၅၅ | - | ၄၅၃၅ | ၄၁၇၅ | ၄၆၉၀ | ၄၂၆၀ | ၄၂၂၀ | ၄၂၃၀ | ၄၄၅၀ |
| HSD (50 ppm) | ၄၉၂၅ | ၅၀၀၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၀၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | ၅၃၇၅ | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၀၀ | ၅၀၉၀ | ၅၃၂၀ |
| HSD (10 ppm) | ၄၉၂၅ | ၅၀၀၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၀၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၀၀ | ၅၀၉၀ | ၅၃၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၃၈၄ | ၃၄၈၅ |
| 95 Ron | ၃၄၉၅ | ၃၅၉၉ |
| HSD (500 ppm) | ၃၈၇၆ | ၃၉၈၃ |
| HSD (50 ppm) | ၄၆၈၇ | ၄၈၁၀ |
| HSD (10 ppm) | ၄၆၈၇ | ၄၈၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


**မြန်မာ့အလင်း**

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဟန်လင်းအောင် | **အကြီးတန်းသတင်းထောက်** | - | ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **စာတည်းမှူး** | - | ခင်ရတနာ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာတည်းများ** | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့်အဖွဲ့ |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **စာပြင်** | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com


MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တူဗားပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြစဉ်။

❖ ရှေ့ဖုံးမှ

ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ–အိုးလ်ရော့ဘန်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှတာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ တရားဝင်ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံအကြား အစိုးရများနှင့်ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ ဘက်စုံကဏ္ဍစုံမှ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ အာကာသသိပ္ပံနှင့် နည်းပညာကဏ္ဍ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ခရီးသွားကဏ္ဍအပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သကဲ့သို့ ကဏ္ဍများအလိုက် သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးအပြန်အလှန်လဲလှယ်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများနှင့် စီးပွားရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးဖိုရမ်များကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် များစွာအကျိုးပြုအထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PPIB News



○ ဘားအံမြို့မှ

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၃၀၀ ကို ပွဲတော်ကျင်းပရေးကော်မတီ နာယကထံ ချီးမြှင့်ပေးအပ်ပြီး ပွဲတော်ကျင်းပရေးကော်မတီက (၄၇)ကြိမ်မြောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး)ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က ကရင်တိုင်းရင်းသား ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ အဘိုးအဘွားများထံတွင် ချည်ဖြူဖွဲ့မင်္ဂလာခံယူကြသည်။

ချည်ဖြူဖွဲ့ရာတွင် ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ သန့်စင်သောရေ၊ ကြံပိုင်း စသည့်ပစ္စည်း ခုနစ်မျိုးပါဝင်ပြီး တစ်ခုချင်းစီ၏ ဂုဏ်သတ္တိများအလိုက် ကရင်တိုင်းရင်းသားတို့အား စုပေါင်းညီညွတ်စွာ နေထိုင်စေလိုသည့် အဓိပ္ပာယ်များ ပါဝင်ကြောင်း ၊ မွန်မြတ်သန့်စင်၍ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို ကရင်တိုင်းရင်းသားများ ထိန်းသိမ်းသည့် ပွဲတော်တစ်ရပ်ဖြစ်ကြောင်းနှင့် ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကို ဝါခေါင်လတစ်လလုံး နေရာဒေသအနှံ့အပြားတွင် ကျင်းပလေ့ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

◆ ဒေသနှင့် ကိုက်ညီသည့်မှ

ကြည့်ရှုစစ်ဆေးစဉ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ (တောင်ငူ) တည်ဆောက်မည့် စီမံကိန်းအပိုင်း ငါးခု၏ မြေနေရာများနှင့် တည်ဆောက်မည့် အဆောက်အအုံများ၊ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းလျာထားဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်ငူမြို့သည် နိုင်ငံတော်က Smart City အဖြစ် ဘက်စုံအရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေသည့် မြို့ဖြစ်သည့်အတွက် ယခုဆောက်လုပ်မည့် သင်တန်း စင်တာသည်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်မည်ဖြစ်ပါကြောင်း၊ သင်တန်းစင်တာ ဆောက်လုပ်ရန်အတွက် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းအပိုင်း ငါးခုကို တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန်နှင့် ဘဏ္ဍာရေးနှစ် ကာလအတွင်း သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် တည်ဆောက်နိုင်ရေးကို တာဝန်ရှိသူအဆင့်ဆင့်က အနီးကပ်ကြီးကြပ်ကွပ်ကဲရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❒ ရှေ့ဖုံးမှ

နက္ခတ္တဗေဒနှင့် STEM ဘာသာရပ်များကို စိတ်ဝင်စားသည့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များအတွက် MASES က စီစဉ်သည့် အဆိုပါအစီအစဉ်ကို ရန်ကုန်နှင့် ကလောမြို့တို့တွင် အဆင့်နှစ်ဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပထမအဆင့်အဖြစ် Yangon Workshop ကို စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး နက္ခတ္တဗေဒဆိုင်ရာအခြေခံ အယူအဆများ၊ STEM အသိပညာများနှင့် မြို့ပြဒေသများတွင် ကြုံတွေ့နေရသည့် Light Pollu–tion (အလင်းညစ်ညမ်းမှု) အကြောင်းတို့ကို လေ့လာဆွေးနွေးသွားမည်ဖြစ်သည်။ ဒုတိယအဆင့်အဖြစ် ဒီဇင်ဘာလလယ်တွင် ကလောမြို့၌ Kalaw Practical Workshop ကို ကျင်းပမည်ဖြစ်ပြီး Telescope များအသုံးပြု၍ ကြယ်များနှင့် ဂြိုဟ်များကို လေ့လာခြင်း၊ Astrophotography အခြေခံများနှင့်ညကောင်းကင်ယံကိုလက်တွေ့စူးစမ်းလေ့လာခြင်းတို့ကို ပြုလုပ်သွားမည်ဟု သိရသည်။

အဆိုပါ အစီအစဉ်အတွက် လျှောက်ထားသူ အရေအတွက်သည် မျှော်မှန်းထားသည်ထက် များပြားခဲ့သဖြင့် လျှောက်လွှာလက်ခံခြင်းကို သတ်မှတ်ထားသည့် ဩဂုတ် ၂၈ ရက်မတိုင်မီ ပိတ်သိမ်းထားကြောင်း MASES က အသိပေးထားသည်။ **MT**

⁕ ရှေ့ဖုံးမှ

တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ The Center of Asia အထိမ်းအမှတ်ကျောက်တိုင်နေရာ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။



အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်အား တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်ရှိ အထင်ကရနေရာများအား ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ်ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ် ရှော်ဘန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကီဇီးလ်မြို့ရှိ အထင်ကရနေရာများအား လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြစ်ကမ်းနံဘေးရှိ အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားပြီး The Center of Asia အထိမ်းအမှတ်ကျောက်တိုင်နေရာ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ The Center of Asia ကျောက်တိုင်တည်ရှိသည့် နေရာသည် Great Yenisei နှင့် Little Yenisei မြစ်နှစ်စင်းဆုံစည်းရာ Yenisei မြစ်ကမ်းနံဘေး မြောက်လတ္တီတွဒ် ၅၁ ဒီဂရီ၊ ၄၂ မိနစ်၊ ၄၁ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ၊ ၂၇ မိနစ်၊ ၃၈ စက္ကန့်တွင်တည်ရှိပြီး အဆိုပါ The Center of Asia သည် အာရှတိုက်၏ ပထဝီဗဟိုချက် ကျရောက်သည့်နေရာကို အထိမ်းအမှတ်ကျောက်တိုင်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် တူဗားပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသား ဂီတနှင့်ပြဇာတ်ရုံ "V.Kok-ool" သို့ရောက်ရှိကြပြီး တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗားရိုးရာလည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်ဖျော်ဖြေ သရုပ်ဖော်တင်ဆက်ပြသခြင်းများကို ကြည့်ရှုအားပေးကြပြီး တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool"၏ သမိုင်းမှတ်တမ်းပြခန်းအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" သည် ကီဇီးလ်မြို့၏ ဗဟိုချက်မဖြစ်သော Arat Square (အာရက် ရင်ပြင်တွင်) တည်ရှိပြီး ၁၉၃၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တူဗားပြည်နယ်၏ ထင်ရှားကျော်ကြားသော သရုပ်ဆောင်၊ စာရေးဆရာနှင့် ပြဇာတ်ရေးဆရာ Viktor Shogzhapovich Kok-ool ကို ဂုဏ်ပြု၍ နာမည်ပေးထားခြင်းဖြစ်သည်။ အဆိုပါ အမျိုးသားဂီတနှင့် ပြဇာတ်ရုံတွင် ကမ္ဘာကျော်တူဗားရိုးရာလည်ချောင်းသံသီချင်းများနှင့် ရိုးရာတူရိယာပစ္စည်းများ အသုံးပြု၍ တီးခတ်သီဆိုသရုပ်ဖော်တင်ဆက်ခြင်းများကို တူဗားဘာသာစကားနှင့် ရုရှားဘာသာစကားတို့ဖြင့် ကဏ္ဍအလိုက် တင်ဆက်လေ့ရှိကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်အကြီးအကဲနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တူဗားလူမျိုးများ၏ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်များ၊ လူမျိုးရေးဆိုင်ရာ ရှေးဘိုးဘေးတို့၏ အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာ အဆင်တန်ဆာများ၊ ရှေးယခင်က အမဲလိုက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ကိရိယာများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာများနှင့် တူဗားလူမျိုးများဝတ်စားဆင်ယင်ခဲ့သည့် ရိုးရာဝတ်စုံများ၊ တူဗားဒေသရှိ ယခင်ကနေထိုင်မှုပုံစံသရုပ်ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းပြီး ပြန်လည်ဆွေးနွေးပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တူဗားပြည်နယ်အမျိုးသားပြတိုက်ကို ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုပြတိုက်နေရာသို့ ၂၀၀၈ ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပြတိုက်တွင် တူဗားလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို စုဆောင်းထိန်းသိမ်းပြသထားပြီး တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ရှားပါးအသုံးအဆောင်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ လူမျိုးရေးဆိုင်ရာပစ္စည်းများ၊ နတ်ကိုးကွယ်ယုံကြည်မှု၊ ဗုဒ္ဓဘာသာနှင့် အော်သိုဒေ့ါတို့၏ ဘာသာရေးဆိုင်ရာပြခန်းများ၊ တူဗားလူမျိုးတို့၏ မဟာမျိုးချစ်စစ်ပွဲတွင် ပါဝင်မှုပြခန်းများ အပါအဝင် ပြခန်းပေါင်း ၂၄ ခန်းကို ခင်းကျင်းပြသထားကြောင်း၊ တူဗားပြည်နယ် အမျိုးသားပြတိုက်သည် တူဗားပြည်နယ်၏ ထူးခြားသော သမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းထားရှိသည့် နေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ယခု နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သည် ရုရှားနိုင်ငံတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ တူဗားပြည်နယ်၏ မြို့တော်တစ်ခုဖြစ်ကြောင်း၊ တူဗားပြည်နယ်သည် ကုန်းတွင်းပိတ်ဒေသတစ်ခုဖြစ်ပြီး မြေမျက်နှာသွင်ပြင်များမှာ ထူးခြားကာ Sayan Mountains နှင့် Altai Mountains တို့က ဒေသကို ဝန်းရံထားပြီး အလယ်ပိုင်းတွင် ကျယ်ပြန့်သည့် ချိုင့်ဝှမ်းလွင်ပြင်များရှိကြောင်း၊ ဒေသအတွင်း Yenisei မြစ်က ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်တစ်ခုဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများတွင် မြင်းမွေးမြူခြင်းသည် တူဗားဒေသ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ်ပါဝင်ကြောင်း၊ တူဗားဒေသတွင် နေထိုင်ကြသူများ၏ ဘာသာစကား၊ ဂီတ၊

*စာမျက်နှာ ၅ သို့*



တူဗားပြည်နယ်ရှိ အမျိုးသားဂီတနှင့်ပြဇာတ်ရုံ "V.Kok-ool" အဆောက်အအုံအား တွေ့ရစဉ်။



တူဗားပြည်နယ်ရှိ အမျိုးသားပြတိုက် အဆောက်အအုံအား တွေ့ရစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားဂီတနှင့်ပြဇာတ်ရုံ "V.Kok-ool" ၌ သရုပ်ဖော်တင်ဆက်ပြသမှုများအား ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၄ မှ*

ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယုံကြည်မှုများသည် အလယ်အာရှနှင့် ဆိုက်ဘေးရီးယားဒေသ ယဉ်ကျေးမှုများကို ပေါင်းစပ်ထားသည့်ပုံစံဖြစ်ကြောင်း၊ တူဗားဒေသသည် တိဗက်ဗုဒ္ဓဘာသာ၊ အော်သိုဒေါ့ခရစ်ယာန်ဘာသာနှင့် ရှာမန်နတ်ကိုးကွယ်မှုများ ယှဉ်တွဲတည်ရှိသည့် ယဉ်ကျေးမှုအစဉ်အလာများကို ကောင်းမွန်စွာ ထိန်းသိမ်းထားသည့် နေရာဖြစ်ကြောင်း၊ တူဗားဒေသ၏ မြို့တော်ဖြစ်သည့် ကီဇီးလ်မြို့တွင် ရုရှားနိုင်ငံ၏အကြီးဆုံး ဗုဒ္ဓဘုရားကျောင်းတော်တည်ရှိပြီး ဗုဒ္ဓဘာသာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ထားရှိကြောင်း၊ (၄) ကြိမ်မြောက် နိုင်ငံတကာ ဗုဒ္ဓဘာသာဖိုရမ် မကြာခင်က ကျင်းပပြုလုပ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးနယ်ပယ်မှ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း၊ အလားတူ အဆိုတော် တစ်ဦးတည်းမှ နေ၍မြစ်ရေစီးသံ၊ လေတိုက်သံ၊ မြင်းသံစသည်များကို အသံတုများအဖြစ် ဖန်တီးသီဆိုသည့် ရိုးရာဂီတသည် တူဗားဒေသ၏ ထင်ရှားသော ရိုးရာဂီတဖြစ်ကြောင်း၊ တူဗားဒေသသည် ဆောင်းရာသီတွင် အလွန်အေးမြပြီး နွေရာသီတွင် နေ့အပူချိန်မြင့်မားသဖြင့် ရာသီဥတု အလွန်ပြင်းထန်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ တူဗားဒေသသည် ယဉ်ကျေးမှု၊ လှပသည့် သဘာဝတောတောင်ရေမြေများနှင့်သမိုင်းကြောင်းများအရ ထင်ရှားမှုများရှိသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထူးခြားလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PPIB News



တူဗားပြည်နယ်ရှိ အမျိုးသားပြတိုက်၌ ခင်းကျင်းပြသထားမှုများအား တွေ့ရစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

# ငဝန်တာ တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

ငဝန်မြစ်ရေ ပေ ၃၀ အောက်သို့ ကျဆင်းလာသည်နှင့်အမျှ Geo Bag အိတ်ကြီးများချခြင်း၊ နိုင်လွန်ကြိုးပိုက်များဖြင့်ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ရေယာဉ်တွဲများ၊ Split Berge ရေယာဉ်ကြီးများဖြင့် Geo Bag အိတ်ကြီးများအား ရေနက်အိုးနှင့် ရေစီးကြောင်းများအတွင်း ရေအောက်ကြမ်းပြင်မြင့်တက်လာစေရန်ချခြင်း၊ Stand Pipe နှင့် Steel Sheet Pile များကို Scour ခံနိုင်ရည်ရှိရန် ရိုက်သွင်းခြင်း၊ Jumbo Bags အိတ်များချခြင်း၊ သောင်တူးစက်နှင့် သဲမှုတ်ခြင်း၊ Gabion ကျောက်ထုပ်တွဲများချခြင်း၊ CB တွဲချခြင်းနှင့် မြစ်ကြောင်းမှ သဲနုန်းများကို သောင်တူး သင်္ဘောများဖြင့် လိုအပ်သောနေရာများသို့ ဖို့ခြင်း၊ Geo Tube များ ချခြင်းတို့ကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ နည်းပညာ ကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါလုပ်ငန်းခွင်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဧရာဝတီတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ထွန်းဇော်နှင့်အတူ ကြည့်ရှုစစ်ဆေး၍ လက်ရှိငဝန်မြစ်ရေမှတ်၊ ရေထုစီးနှုန်း လျော့နည်းကျဆင်းလာမှုနှင့်ကိုက်ညီ၍ လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး ကြီးကြပ်စီမံဆောင်ရွက်ခဲ့သည်။



လုပ်ငန်းခွင်တွင် ဒုတိယဝန်ကြီးက ရေအောက်ကြမ်းပြင်မြင့်တက်လာစေရန် ဆောင်ရွက်နိုင်ရေး၊ ရေအောက်ကြမ်းပြင် ရေတိုက်စားမှု သက်သာစေရန် Geo Bags အိတ်များချခြင်း၊ Geo Textile အစများ ခင်းခြင်း၊ ရေလမ်းကြောင်း ထိန်းခြင်းများ ဆောင်ရွက်ရေး၊ အမြန်ဆုံး ရေစီးဝင်မှု ပိတ်ဆို့ကာကွယ်နိုင်ရေး၊ လက်ရှိငဝန်မြစ်၏ ရေမြင့် အမှတ်၊ ရေထုစီးနှုန်း ဆက်လက်ကျဆင်းနိုင်သည့် အခြေအနေများကြောင့် ရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ ကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ထို့ပြင် ဟသ်ာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် ငဝန်တာ တာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့မှုအပေါ် မြေပြင်ဖြစ်ပေါ်နေသည့် အနေအထားအရ လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ စသည့် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တည်နေရာကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်ယုံကြည်မှုတို့ အပြည့်အဝရှိသည့် မိတ်ဆွေ

**သိဃ်သူ**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဩဂုတ် ၂၂ ရက်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူ၍ အလေးပြုကြစဉ်။

*(ယမန်နေ့က အဆက်)*

တစ်နိုင်ငံနှင့် တစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ကြရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်၊ ကုန်သွယ်စီးပွားဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးရန်၊ နှစ်နိုင်ငံအကြား ကူးသန်းသွားလာကြသည့် မိမိနိုင်ငံသားများအား စောင့်ရှောက်မှုပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များ ထားရှိကြသည်။ အရှေ့ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သော ဘယ်လာရုစ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးမှာ ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ ဖြတ်သန်းခဲ့ပြီးဖြစ်သည့် နှစ်ပေါင်း ၂၇ နှစ်တာကာလအတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အရှိန်အဟုန်တိုးမြှင့်လာခဲ့ပြီးနောက် သံတမန်ဆက်ဆံမှု မြှင့်တင်ခြင်းအဖြစ် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

"ဘယ်လာရုစ်နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ကာ နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ သိပ္ပံနှင့် နည်းပညာများလည်း များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ မိမိတို့နိုင်ငံသည်လည်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ထို့ကြောင့် မိမိအနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။" ဟု ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် Double Tree by Hilton ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားရာတွင် ပြောကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဩဂုတ် ၂၂ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တူဗားပြည်နယ်၏ ယဉ်ကျေးမှုတစ်ခုဖြစ်သော တူဗားပြည်နယ်သို့ လာရောက်သည့်ဧည့်သည်တော်များကို နက်ရှိုင်းသောလေးစားမှုနှင့် ဂုဏ်ပြုမှုကို ဖော်ပြသည့် အထိမ်းအမှတ်ပဝါ ခြုံလွှမ်းပေးပြီး လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဘယ်လာရုစ်နိုင်ငံတွင် လယ်ယာစက်မှုလုပ်ငန်းများ တိုးတက်လျက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် အောင်မြင်စွာ ဆောင်ရွက်ပြီး ထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိချိန်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို မျက်မြင်တွေ့ရှိခဲ့ရကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ စိုက်ပျိုးရေးအခြေခံစက်မှုနိုင်ငံ လမ်းကြောင်းကို လျှောက်လှမ်းရန် ကြိုးပမ်းနေသည့် မိမိတို့နိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံတွင် လေ့လာစရာ၊ သင်ယူစရာများစွာရှိနေသည်ကို ညွှန်ပြခဲ့ခြင်းပင်ဖြစ်သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘယ်လာရုစ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်နိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ လျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူ၍ အလေးပြုကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဥရောပအရှေ့ပိုင်းဒေသ ဘယ်လာရုစ်နိုင်ငံ၏မြို့တော် မင့်စ်မှသည် အာရှတိုက်၏ အလယ်ဗဟိုရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ်၏မြို့တော် ကီဇီးလ် (Kyzyl)ဆီသို့ စံတော်ချိန်ဇုန်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ပျံသန်းကာ ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြသည်။ တူဗားပြည်နယ် ကီဇီးလ်မြို့

*စာမျက်နှာ ၇ သို့*

**❑ မြန်မာနှင့် ရုရှားတို့သည် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံများဖြစ်ကြပြီး အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံမှုများ ရှည်လျားကောင်းမွန်လျက်ရှိကြောင်း၊ ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန် အကောင်းဆုံးအခြေအနေသို့ရောက်ရှိနေ၊ နှစ်နိုင်ငံဗဟိုအစိုးရအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံမှ ပြည်နယ်များအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိ၊ တူဗားပြည်နယ်သည် တွင်းထွက်သယံဇာတများထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သည့် ပြည်နယ်တစ်ခုဖြစ်ကာ မိမိတို့နိုင်ငံသည်လည်း မြေပေါ်မြေအောက်သယံဇာတ ပေါများစွာထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းရှိ**

- မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည့် နိုင်ငံဖြစ်သကဲ့သို့ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည်လည်း တိဗက်ဗုဒ္ဓဘာသာများ ဖြစ်ကြသဖြင့် ဘုရားဖူးခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန်မြှင့်တင်ဆောင်ရွက်နိုင်
- နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် သံတမန်ဆက်ဆံမှုများကို ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၆ မှ*

အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ်ခိုဗာလစ်ဂ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ရုရှားဖက်ဒရေးရှင်းဝင် ပြည်နယ်တစ်ခုဖြစ်သောတူဗားသည် ဆိုက်ဘေးရီးယားတောင်ပိုင်းတွင်တည်ရှိသည့် ကုန်းတွင်းပိတ်ပြည်နယ်တစ်ခုဖြစ်ပြီး မွန်ဂိုလီးယားနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည်။ အကျယ်အဝန်း ၁၆၈၆၀၄ စတုရန်းကီလိုမီတာရှိပြီး လူဦးရေ ၃၄၀၀၀၀ ခန့် နေထိုင်ကြသည်။ ပြည်နယ် မြို့တော်ကီဇီးလ် (Kyzyl) ၏ အနီးတွင် အာရှတိုက်ကုန်းမြေပြင်ကြီး၏ အလယ်ဗဟို ရှိနေသည်။ မြေမျက်နှာပြင်၏ ၈၀ ရာခိုင်နှုန်းကျော်ကို တောင်တန်းများ၊ တောင်ကုန်းများက ဖုံးလွှမ်းထားပြီး Yenisei မြစ်၏ မြစ်ညာမြစ်ဝှမ်းတည်ရှိရာ ပြည်နယ်ဖြစ်သည်။ အအေးဓာတ်ပြင်းထန်ကြမ်းတမ်းပြီး ရှည်လျားသည့်ဆောင်းရာသီနှင့် ကာလတိုသည့် နွေရာသီတို့ရှိသည်။

ပြည်နယ်၏ လူဦးရေအများစုမှာ တူဗန် (Tuvan) လူမျိုးများဖြစ်ကြပြီး တိဗက်ဗုဒ္ဓဘာသာနှင့် Shamanism ခေါ် ရိုးရာယုံကြည်ကိုးကွယ်မှုတစ်မျိုးတို့ကို ကျယ်ကျယ်ပြန့်ပြန့်ကိုးကွယ်ကြသူများဖြစ်ကြသည်။ တူဗန်လူမျိုးတို့သည် သဘာဝကို မြတ်နိုးသူများဖြစ်ကြပြီး ၎င်းတို့သီဆိုကြသည့် ရိုးရာတေးသီချင်း Khoomei မှာ ကမ္ဘာတွင် ထင်ရှားသည်။ လည်ချောင်းကြွက်သားများကို အသုံးပြု၍ ဘယ်သံ၊ ညာသံ၊ အမြင့်သံ (High-pitched overtone) စသည်တို့ အသံနှစ်ခု၊ သို့မဟုတ် နှစ်သံထက်ပို၍ထွက်လာအောင် သီဆိုရသည့် ထူးခြားဆန်းပြားသည့် ရိုးရာအနုပညာဖြစ်သည်။ Khoomei သီချင်းဆိုနည်းသည် တူဗားဒေသ၏ တောင်တန်းများ၊ မြစ်ရေစီးသံများ၊ တိရစ္ဆာန်အော်သံများ၊ လေတိုက်ခတ်သံများကို ကိုယ်စားပြုသည်ဟုလည်း ဆိုကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ် ၂၂ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲ ကျင်းပမည့် တူဗားပြည်နယ်အစိုးရအဖွဲ့ အိမ်တော်သို့ ရောက်ရှိရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ် ရှော်ဘန်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တူဗားပြည်နယ်အကြီးအကဲနှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တူဗားပြည်နယ်အကြီးအကဲက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တူဗားပြည်နယ်၏ သမိုင်းကြောင်းနှင့် ဒေသဆိုင်ရာအချက်အလက်များ၊ တူဗားပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး မြန်မာနိုင်ငံနှင့် ကိုးကွယ်ယုံကြည်မှုများ တူညီလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်တို့ ဩဂုတ် ၂၂ ရက်က မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တို့အကြား ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လိုမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ်၏သမိုင်းကြောင်း၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် တူဗားပြည်နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး သန့်ရှင်းလှပပြီး စိမ်းလန်းစိုပြည်သည့် တောတောင်ရှုခင်းများကို မြင်တွေ့ရသဖြင့် မိမိတို့၏စိတ်နှလုံးကို ချမ်းမြေ့စေကြောင်းတို့ကို စတင်ပြောကြားသည်။ ဆက်လက်၍ မြန်မာနှင့် ရုရှားတို့သည် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံများဖြစ်ကြပြီး အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံမှုများ ရှည်လျားကောင်းမွန်လျက်ရှိကြောင်း၊ ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း၊ နှစ်နိုင်ငံဗဟိုအစိုးရအဖွဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံမှ ပြည်နယ်များအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ တူဗားပြည်နယ်သည် တွင်းထွက်သယံဇာတများထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သည့် ပြည်နယ်တစ်ခုဖြစ်ကာ မိမိတို့နိုင်ငံသည်လည်း မြေပေါ်မြေအောက် သယံဇာတပေါများစွာ ထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းရှိကြောင်း၊ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည့် နိုင်ငံဖြစ်သကဲ့သို့ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည်လည်း တိဗက်ဗုဒ္ဓဘာသာများဖြစ်ကြသဖြင့် ဘုရားဖူးခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန်မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် သံတမန်ဆက်ဆံမှုများကို ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ စသည်တို့ကို အကျယ်တဝင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ်အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ- အိုးလ် ရှော်ဘန်၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ကီဇီးလ်မြို့ရှိ အထင်ကရနေရာများဖြစ်သော အာရှတိုက်အလယ်ဗဟိုနေရာ The Center of Asia အထိမ်းအမှတ် ကျောက်တိုင်၊ တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V. Kok - ool"၊ တူဗားပြည်နယ် အမျိုးသားပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ဩဂုတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ တူဗားပြည်နယ်အကြီးအကဲ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များသွားရောက်ခဲ့ခြင်းက မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည်။ အိမ်နီးချင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံများသာမက အလှမ်းကွာဝေးသည့် ဒေသမှနိုင်ငံများနှင့် မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်များအဖြစ် ထူထောင်ဆက်ဆံထားနိုင်ခြင်းက နိုင်ငံတကာမျက်နှာစာတွင် မိတ်ဖက်အင်အားကို ရရှိစေသည်။ ထို့အပြင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံ့အကျိုးစီးပွား မြင့်မားလာစေမည်ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာလည်း ဘက်စုံ၊ ကဏ္ဍစုံတွင် အရှိန်အဟုန်နှင့် ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

မိမိနိုင်ငံတွင်ရှိနေသည့် မိမိတို့ပိုင်ဆိုင်သည့် အရင်းအမြစ်များနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံသူ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်ရန်၊ စည်းကမ်းကောင်းမွန်ရန်နှင့် ဝီရိယစိုက်ထုတ်အလုပ်လုပ်ကြရန် လိုအပ်သကဲ့သို့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း အနှောင့်အယှက်ကင်းရန်လိုသည်။ အထူးသဖြင့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ ပြောင်းလဲဖြစ်ပေါ်နေချိန်၊ ကမ္ဘာ့အခြေအနေအရပ်ရပ်တို့ ရှုပ်ထွေးနေချိန်တွင် မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်နိုင်ငံများ မဖြစ်မနေလိုအပ်သည့်အလျောက် နိုင်ငံတော်သမ္မတကြီး၏ တရားဝင်ခရီးစဉ်များက နိုင်ငံ့အနာဂတ်အတွက် အမြော်အမြင်ဖြင့် ဆောင်ရွက်ချက်များ၊ နိုင်ငံ့အကျိုးစီးပွားဆောင်ကြဉ်းသည့် ခရီးစဉ်များအဖြစ် ကမ္ပည်းမှတ်တမ်း မော်ကွန်းတင်မည်သာ ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ထားဝယ်ရေနက်ဆိပ်ကမ်း၊ စွမ်းအင်၊ အာကာသနှင့် နည်းပညာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ခဲ့ပြီး မြန်မာပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်...

**ဒေါက်တာ ခိုင်ခိုင်စိုး (ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံး)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှုနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**မေး။ ။ အခုသွားရောက်ခဲ့တဲ့ ရုရှားနိုင်ငံခရီးစဉ်ကနေ ဘယ်လိုမျိုး အကျိုးကျေးဇူးတွေ ရရှိခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ရုရှားခရီးစဉ်မှာ မြန်မာနဲ့ ရုရှား နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်လေးစားမှု ဒါတွေကို မြှင့်တင်နိုင်ခဲ့ပါတယ်။ ဒါ့ပြင် နိုင်ငံရဲ့ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသနှင့်နည်းပညာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍတွေနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ကျွန်မတို့ Head of State အချင်းချင်း၊ Head of Government ၊ Ministry level ၊ University level အချင်းချင်း စသည်ဖြင့် အဆင့်စုံ ဆွေးနွေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးဆိုရင် Meeting ပေါင်း ၁၅ ခု ဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီခရီးစဉ်မှာ G to G MoU ၁၂ ခု ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ သမ္မတနှစ်ဦးရဲ့ တွေ့ဆုံမှုက နှစ်နိုင်ငံဆက်ဆံရေးအတွက် ဘယ်လောက်ထိ အရေးပါပါသလဲ။**

ဖြေ။ ။ တစ်နည်းအားဖြင့် နိုင်ငံ့ခေါင်းဆောင်နှစ်ဦး ပုဂ္ဂိုလ်ရေးရင်းနှီးခင်မင်မှု၊ ဒီကနေမှတစ်ဆင့် အဆင့်မြင့်ဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီအဆင့်မြင့်ဆွေးနွေးမှုတွေကနေ တစ်ဆင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ရုရှားသမ္မတကြီး ပြောကြားတာက နှစ်နိုင်ငံဆက်ဆံရေးဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြန်အလှန် ယုံကြည်လေးစားမှု၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ဖို့၊ တစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားဖို့၊ နောက်တစ်ခါ International မျက်နှာစာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအပြန်အလှန် အမှီသဟဲပြုပြီး အပြန်အလှန်ထောက်ပံ့ကူညီဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံကိုလည်း အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေရင်းနိုင်ငံတစ်ခုလို့ သတ်မှတ်ထားတယ်လို့လည်း ဆိုပါတယ်။ ဒါဟာ ကျွန်မတို့ ဒီခေါင်းဆောင်နှစ်ဦး တွေ့ဆုံမှုကနေတစ်ဆင့် မဟာဗျူဟာမြောက် ဆက်ဆံရေး၊ တစ်နည်းအားဖြင့် ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် အများကြီးအထောက်အကူပြုတယ်လို့ ဆိုနိုင်ပါတယ်။

**မေး။ ။ ဒီခရီးစဉ်က မြန်မာနိုင်ငံရဲ့ စီးပွားရေးအတွက် လက်တွေ့ရရှိမယ့် အကျိုးကျေးဇူးတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ဒီခရီးစဉ်မှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ကုန်သွယ်ရေးတိုးမြှင့်ဖို့၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ မြန်မာနိုင်ငံမှာ လာရောက်လုပ်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ပြီးတော့ မော်စကိုမှာ စီးပွားရေးဖိုရမ် ကျင်းပခဲ့ပါတယ်။ အဲဒီ စီးပွားရေးဖိုရမ်မှာလည်း နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ပဲ မြန်မာနိုင်ငံမှာ ဘယ်လိုစီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ်၊ အခွင့်အလမ်းတွေ ဘာတွေရှိမယ်၊ မြန်မာနိုင်ငံဘက်က ဘာတွေဆောင်ရွက်ပေးမယ် စသည်ဖြင့် ဒါတွေကို အသေးစိတ် Presentation နဲ့ ရှင်းလင်းတင်ပြခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့ ထားဝယ်ရေနက်ဆိပ်ကမ်းမှာ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေ၊ စွမ်းအင်ကဏ္ဍ၊ အာကာသနှင့် နည်းပညာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေကိုသာ ကျွန်မတို့ အမှန်တကယ် အကောင်အထည်ဖော်နိုင်မယ်ဆိုရင် မြန်မာပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိဖို့ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

**မေး။ ။ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး ဘယ်လိုအကျိုးကျေးဇူးတွေကို ယူဆောင်ခဲ့တယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ စွမ်းအင်ကဏ္ဍမှာ ကျွန်မတို့ ဆွေးနွေးခဲ့တာက ရေနံနဲ့ သဘာဝဓာတ်ငွေ့ကိစ္စ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့၊ နျူကလီးယားကဏ္ဍ စသည်ဖြင့်စွမ်းအင်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုကတော့ LNG ပါ။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းမှာ ကျွန်မတို့ LNG စက်ရုံ




တည်ဆောက်ပြီးတော့ အိမ်နီးနားချင်းနိုင်ငံတွေကို LNG နဲ့ သဘာဝဓာတ်ငွေ့တွေ တင်ပို့ရောင်းချဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ အာကာသနဲ့ ဂြိုဟ်တုနည်းပညာနဲ့ ပတ်သက်ပြီး ဘယ်လိုသဘောတူညီချက်တွေကို ဖော်ဆောင်နိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ အာကာသဂြိုဟ်တုနည်းပညာနဲ့ ပတ်သက်လို့လည်း ဆွေးနွေးခဲ့တာတွေ အများကြီးပါ၊ အဓိကတော့ လေးခုပါ။ ၂၀၂၈ ခုနှစ်မှာ ကျွန်မတို့မြန်မာနိုင်ငံက အာကာသယာဉ်မှူးကို အာကာသယာဉ်နဲ့ စေလွှတ်နိုင်ရေး၊ ဒါက အဓိကအရေးအကြီးဆုံး အချက်ပါ။ ဂြိုဟ်တုအခြေပြု ရှာဖွေကယ်ဆယ်ရေး Station မြန်မာနိုင်ငံမှာ တည်ဆောက်ဖို့၊ GNSS Station တည်ဆောက်ဖို့ ဆွေးနွေးခဲ့ပါတယ်။ အာကာသကနေ ကမ္ဘာမြေအနီးမှာ အာကာသအန္တရာယ်ကျရောက်နိုင်တဲ့ အရာတွေကို စောင့်ကြည့်ပြီး ကာကွယ်ဖို့အတွက် Station တည်ဆောက်ဖို့၊ အဲဒီ လေးခုကို ကျွန်မတို့ MoU ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ Plekhanov Economics University က နိုင်ငံတော်သမ္မတကြီးကို ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့တယ်။ ဒီဟာက မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ Plekhanov Economics University က ကျွန်မတို့ရဲ့ သမ္မတကြီးကို ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့ပါတယ်။ ဒါတကယ်တော့ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ထိတွေ့ဆက်ဆံမှုရဲ့ အစကနဦးလို့ ပြောလို့ရပါတယ်။ အခုလိုချီးမြှင့်လိုက်တဲ့အတွက် ကျွန်မတို့ပညာရေးကဏ္ဍ ရင်းနှီးသွားတယ်။ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အဲဒီစီးပွားရေးတက္ကသိုလ်မှာ ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်တယ်၊ အဲဒီတော့ ကျောင်းသားအချင်းချင်း ထိတွေ့ဆက်ဆံရေး၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လူငယ်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ နောက်တစ်ခါ ပညာရှင်ဖလှယ်ရေး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ scholarship ကိစ္စတွေ ပူးပေါင်းဆောင်ရွက်ရေး၊ ဒါတွေအားလုံးအတွက် လမ်းစပွင့်သွားပြီ၊ ကျွန်မတို့ နိုင်ငံရဲ့ လူငယ်တွေ အနာဂတ်အတွက် အခွင့်အလမ်းလို့ ပြောလို့ရပါတယ်။

**မေး။ ။ ဘယ်လာရုစ်နိုင်ငံနဲ့ ဆွေးနွေးခဲ့တဲ့ အဓိကအကြောင်းအရာတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီးက ဘယ်လာရုစ်နိုင်ငံသမ္မတကြီးနဲ့ အခုခရီးစဉ်အတွင်း နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့တဲ့အပြင် ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှာ စီးပွားရေးဖိုရမ်ပြုလုပ်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ တကယ်တော့ ဘယ်လာရုစ်နိုင်ငံက ကျွန်မတို့နိုင်ငံလိုပဲ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့နိုင်ငံပါ။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေနဲ့ စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာက စိုက်ပျိုးမြေဧရိယာ ၃၃ သန်းကျော် ရှိပါတယ်။ လုပ်သားအင်အားကလည်း အလုံအလောက်ရှိပါတယ်။ ဒါက ကျွန်မတို့ရဲ့ အားသာချက်ပါ။ ဘယ်လာရုစ်နိုင်ငံရဲ့ အားသာချက်ကျတော့ စိုက်ပျိုးမွေးမြူရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေရှိပါတယ်။ နောက်တစ်ခါ သူတို့မှာ ဓာတ်မြေဩဇာစက်ရုံတွေရှိပါတယ်။ လယ်ယာထုတ်ကုန်ပစ္စည်းကိရိယာတွေ၊ ဒါက တကယ့်ကမ္ဘာမှာ နာမည်ကျော်တဲ့ ပစ္စည်းတွေ ထုတ်နေတာဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လာရုစ်နိုင်ငံရဲ့ အားသာချက်နဲ့ ကျွန်မတို့နိုင်ငံရဲ့ အားသာချက် ပူးပေါင်းပြီးတော့မှ ကျွန်မတို့ ဒီ farming ကနေ food processing အထိကို ပူးပေါင်းဆောင်ရွက်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဖို့အတွက် သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ဒါ့အပြင် သမ္မတကြီးက ထားဝယ်ရေနက်ဆိပ်ကမ်းမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့၊ စက်ရုံတွေဆောက်ဖို့၊ တာယာစက်ရုံတို့၊ ကုန်တင်ယာဉ်အကြီးစားတွေ ဆောက်ဖို့၊ သီလဝါစီးပွားရေးဇုန်မှာလည်း လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၆-၂၀၂၈ Roadmap နဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။**

ဖြေ။ ။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်တဲ့အချိန်မှာ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၆-၂၀၂၈ Roadmap ဆိုတာ ရှိပါတယ်။ အဲဒီ Roadmap မှာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကဏ္ဍစုံပါပါတယ်။ ဒီ Roadmap အတိုင်းကို အလေးထားပြီး ဆောင်ရွက်ဖို့ နှစ်နိုင်ငံသမ္မတတွေက အလေးထားပြီး ပြောကြားခဲ့ပါတယ်။ Timeline ကိုလည်း သူ့ Timeline နဲ့ အတိအကျသွားဖို့၊ အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။ နောက်တစ်ခုကတော့ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်က ပြောကြားဆွေးနွေးတာက ကျွန်မတို့ဟာ အပြိုင်အဆိုင် စီးပွားရေးလုပ်တာ မဟုတ်ပါဘူး။ ဒီနှစ်နိုင်ငံက အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်တာပါ။ ဒီတစ်ချက်ပြောပါတယ်။ မြန်မာနိုင်ငံနဲ့ဆက်ဆံရေးမှာ ဘယ်လာရုစ်နိုင်ငံက အကန့်အသတ်လုံးဝမရှိဘူး၊ အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားမယ်။ နောက်တစ်ခုက မြန်မာနိုင်ငံကို တခြားမိတ်ဆွေနိုင်ငံတွေနဲ့ မတူဘဲ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ကုန်ပစ္စည်းတွေကို ကျွန်မတို့ ပြည်တွင်းမှာ ထုတ်လုပ်နိုင်တဲ့အထိကို သူတို့ ကူညီဆောင်ရွက်သွားမယ်၊ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမယ်၊ ဈေးကွက်တစ်ခုအနေနဲ့သာ ရှုမြင်တာမဟုတ်ဘဲ ကျွန်မတို့ မိတ်ဆွေရင်းချာနိုင်ငံတွေအဖြစ် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီး ပြောပါတယ်။ ဒါကျွန်မတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လာရုစ်နိုင်ငံကနေ အတတ်နိုင်ဆုံး အားဖြည့်ကူညီပေးမယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။

**မေး။ ။ သမ္မတကြီးရဲ့ နိုင်ငံတကာဆက်ဆံရေးအပေါ် ဘယ်လိုမျိုး ပြောပြချင်ပါသလဲ။**

ဖြေ။ ။ ဒီနေ့ဆိုရင် နိုင်ငံတော်အစိုးရသစ် တက်လာတာ ၁၃၆ ရက်ရှိပါပြီ၊ ဒီနေ့မပါဆိုရင် ၁၃၅ရက်အတွင်းမှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့ နိုင်ငံပေါင်း ခြောက်နိုင်ငံကို သွားရောက်ခဲ့ပြီးဖြစ်ပါတယ်။ သမ္မတကြီးက ခြောက်နိုင်ငံမှာ အားလုံးမိုင်ပေါင်း ၂၀၀၀၀ နီးပါး ခရီးသွားခဲ့ပါတယ်။ ဒီခရီးစဉ်တွေအတွင်း တရုတ်၊ အိန္ဒိယနဲ့ ရုရှားစတဲ့ ကမ္ဘာ့နိုင်ငံကြီး သုံးနိုင်ငံ အပါအဝင် ခြောက်နိုင်ငံလုံးက Head of State ၊ Head of Government ၊ လွှတ်တော်၊ Regional level ၊ Ministerial level ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီခရီးစဉ်တွေကနေ အပြန်အလှန်ယုံကြည်မှုတွေ တည်ဆောက်နိုင်ခဲ့ပါတယ်။ မဟာဗျူဟာမြောက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

**မေး။ ။ ရုရှားသမ္မတကြီးနဲ့ နျူကလီးယား ဓာတ်ပေါင်းဖို တည်ဆောက်ဖို့အတွက် ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ လောလောဆယ်တော့ ကျွန်မဘက်က ဒါနဲ့ပတ်သက်လို့ အသေးစိတ်မပြောနိုင်ပါဘူး။ ဆွေးနွေးခဲ့တာတော့ ဟုတ်ပါတယ်။ ဒါကလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့အတွက် ဖြစ်ပါတယ်။ ကျွန်မသိသလောက်တော့ Mini ပါ။

**သတင်းအဖွဲ့**

## ၂၀၂၆ ခုနှစ် မိုးရာသီ နေပြည်တော်အဆင့် (တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

၂၀၂၆ ခုနှစ် မိုးရာသီ နေပြည်တော်အဆင့် (တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်းမကြီးဘေး၌ ကျင်းပသည်။

ဦးစွာနေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြား ပြီးကံ့ကော်ပင်အား စတင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ ရေတမာ၊ မဟော်ဂနီ၊ ဆီသပြေ၊ ကုက္ကို၊ စိန်ပန်း၊ ပျဉ်းမ စသည့်အပင် ၁၅၀၀ စိုက်ပျိုးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည့် ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ်သမိုင်းဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ ကျော်ဆွေညွန့်က ဆွေးနွေးပြောကြားကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသားကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာနသို့ သွားရောက်၍ ကလေးများအတွက် သင်ထောက်ကူပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ် ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**






## တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတင်ပို့ကာ နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ပပို့ကုန် Export လုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေပိုမိုရရှိပြီး ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုး (GDP) မြင့်တက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတင်ပို့ကာ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိနိုင်ရေးနှင့် ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖော်ဆောင်နိုင်ရေးတို့အတွက် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဒက္ခိဏအသေးစားနှင့်အလတ်စားစက်မှုဇုန်ရှိ ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP) အပါအဝင် MSMEs စက်ရုံများကို ကြည့်ရှုစစ်ဆေးစဉ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မေပယ်ဝင်း အထည်ချုပ်စက်ရုံ၏ ကုန်ကြမ်းအသုံးပြုမှုနှင့် လုပ်ငန်းဆောင်ရွက်မှု၊ Dakhina Meat Export စက်ရုံ၌ ISO နှင့် နိုင်ငံတကာစံချိန်စံညွှန်းအရည်အသွေးနှင့် အညီ စည်သွတ်ဘူးများ ထုတ်လုပ်နေမှု၊ အေးခဲအသားခြောက်များ ပြည်ပသို့တင်ပို့ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ New Life ပလတ်စတစ်စက်ရုံ၌ စွန့်ပစ်ပလတ်စတစ်ပစ္စည်းများမှ ကော်စေ့များ ထုတ်လုပ်၍ စိုက်ပျိုးရေးလုပ်ငန်းသုံး ရေဖျန်းပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများထုတ်လုပ်နေမှု၊ ဆိုလာစနစ်မှ စက်ရုံ၏လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆိုလာစနစ် တပ်ဆင်အသုံးပြုမှုမှ ရရှိသော အကျိုးကျေးဇူးများကို MSMEs လုပ်ငန်းရှင်များအား အသိပညာမျှဝေပေးရန် မှာကြားသည်။

အလားတူ ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ MSMEs လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ တာဝန်ရှိသူများနှင့် MSMEs လုပ်ငန်းရှင်များ၏ စက်ရုံအလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ MSMEs ချေးငွေများအတွက် စစ်တမ်းကောက်ယူပြီး ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်း လိုအပ်ချက်များ၊ လုပ်ငန်းများ တိုးချဲ့ရန်နှင့် စက်ရုံအဆင့်မြှင့်တင်ရန် လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် သိလိုသည်များကို ဆွေးနွေးမေးမြန်းမှုအပေါ် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြား၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ - ၂၀၂၆ (မန္တလေး) ဒုတိယနေ့ ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၂၃**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ–၂၀၂၆ (မန္တလေး)ကို "Taste of the Golden Land 2026 (Mandalay)" ဟူသောဆောင်ပုဒ်ဖြင့် မန္တလေးမြို့ရှိမန္တလေးကွန်ဗင်းရှင်းစင်တာ၌ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက် နှစ်ရက်တာ ကျင်းပသည်။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ – ၂၀၂၆ (မန္တလေး) ဒုတိယနေ့အစီအစဉ်များအဖြစ် မြန်မာ့ရိုးရာအစားအစာများအား နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တည်ခင်းပြသခြင်း၊ မြန်မာနိုင်ငံ လက်ဖက်နှင့် ကော်ဖီအသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခြင်း၊ "ဒေသအစားအစာအရသာမှ ကမ္ဘာ့အဆင့်မြင့် ထူးချွန်မှုဆီသို့ ကမ်းလှမ်းခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခြင်း၊ မြန်မာ့ရိုးရာထုတ်ကုန်ပစ္စည်းများကိုအသုံးပြု၍ ကော့တေးပြုလုပ်ပြသခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ ပြိုင်ပွဲနှင့်ပြပွဲ ဒုတိယနေ့ကျင်းပမှုကို ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စားသောက်ဆိုင်လုပ်ငန်းရှင်အသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ အမှာစကား ပြောကြားသည်။

"မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ – ၂၀၂၆ (မန္တလေး)" ကျင်းပရာတွင် အစားအသောက်လုပ်ငန်းနယ်ပယ်မှ ဝါရင့်လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကို မျှဝေပေးသည့် စကားဝိုင်းဆွေးနွေးပွဲများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၁ ဖွဲ့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြခန်းပေါင်း ၁၄၁ ခန်း ခင်းကျင်းပြသရောင်းချကာ အဆိုပါပြိုင်ပွဲနှင့်ပြပွဲသို့ လာရောက်လေ့လာဝယ်ယူအားပေးကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မွန်ပြည်နယ် ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၃**

ဥပဒေရေးရာ ဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ပြုလုပ်ခဲ့ရာ မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်မိသန္တာမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူး ဦးကျော်စိုးလွင်နှင့် မော်လမြိုင်မြို့ ခရိုင်ဥပဒေအရာရှိ ဦးကိုကိုမောင်တို့က ပြိုင်ပွဲကို Color Ball ရိုက်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြ ကာ ဆုရရှိသူများအား ဩဂုတ် ၃၀ ရက် ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**




## ကျောက်ဆည်မြို့နယ်၌ ၂၀၂၆ ခုနှစ် ငှက်ပျောပင်စိုက်ပျိုးပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် ငှက်ပျောပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။ ငှက်ပျောပင်စိုက်ပျိုးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ခရိုင်ပညာရေးမှူး ဒေါ်သီသီကျော်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက (ဖီးကြမ်း) ငှက်ပျော ၈၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ပုလဲမွေးမြူထုတ်လုပ်ရေးနှင့် သစ်တောဂေဟစနစ်များ၏ အခန်းကဏ္ဍ



■ သစ်တောမောင် ■

**ပုလဲ**

“ပုလဲ” (Pearl) သည် ရှေးခေတ် မြန်မာ အပါအဝင် အာရှယဉ်ကျေးမှုများတွင် အလွန်တန်ဖိုးထား မြတ်နိုးကြသည့် နဝရတ် ၉ ပါး (ရတနာ ၉ မျိုး)တွင် အပါအဝင်အဖြစ်သည်။ ပုလဲသည် မြေထု အတွင်းမှ တူးဖော်ရရှိသည့် ကျောက်မျက်ရတနာများ၊ သတ္တုတွင်းထွက်များနှင့် မတူဘဲ သက်ရှိဇီဝမှ မွေးဖွားလာသော ရတနာဖြစ်ပါသည်။

ပုလဲသည် အခွံမာသတ္တဝါများ၏ ခန္ဓာကိုယ်အတွင်း ဖွံ့စည်းဖြစ်ပေါ်လာသော ရတနာတစ်ပါးဖြစ်ပါသည်။ တစ်နည်းအားဖြင့် Mollusk တို့၏ အခွံမာ အတွင်းပိုင်း တည်ဆောက်ရာတွင် ခန္ဓာကိုယ်မှ စစ်ထုတ်ပို့ချသည့် ပုလဲအလွှာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပုလဲလွှာသည် (၀ ဒသမ ၀၀၀၃)မှ (၀ ဒသမ ၀၀၀၅) မီလီမီတာခန့် အထူရှိပြီး မွေးမြူပုလဲတစ်လုံးသည် အနည်းဆုံး ပုလဲလွှာပေါင်း တစ်ထောင်လွှာမှ ခြောက်ထောင်ကျော်အထိနှင့် ပုလဲသား အထူ (၀ ဒသမ ၅ မီလီမီတာ)မှ (၇ မီလီမီတာ)ခန့် ရှိပါသည်။ နိုင်ငံတကာတွင် ပုလဲ၏ အလေးချိန်ကို ခြင်တွယ်ရာတွင် Momme (မိုမီ)ကို အသုံးပြုပြီး တစ်မိုမီသည် ၃ ဒသမ ၇၅ ဂရမ်/၁၈ ဒသမ ၇၅ ကာရက် / ၂၀ ဒသမ ၆၂၅ ရတီနှင့် ညီမျှပါသည်။ ပုလဲ၏ အရွယ်အစားကို ဖော်ပြရာတွင်အချင်းကို မီလီမီတာဖြင့် တိုင်းတာလေ့ရှိသည်။

နဝရတ် ၉ ပါးအနက် စိန်သည် မာကျောမှုအမြင့်ဆုံး ၁၀ ဖြစ်ပြီး ပုလဲသည် မာကျောမှုအဆင့် ၂ ဒသမ ၅ မှ ၄ ဒသမ ၅ အတွင်းသာရှိသဖြင့် နဝရတ် ၉ ပါးအနက် အလွန်နူးညံ့ဆုံးသော ပစ္စည်းဖြစ်သည်။ ပုလဲသည် စိန်ကဲ့သို့ သတ္တုဓာတ်ခရစ္စတယ်(mineral crystal) တစ်မျိုးတည်းမဟုတ်ဘဲ ခရု/ကမာကောင်မျိုးနွယ်များ၏ ကိုယ်တွင်းတွင် ဖြစ်ပေါ်သော သက်ရှိမှဖြစ်သော ရတနာ (biogenic gemstone)ဖြစ်သည်။ အဓိကအားဖြင့် ထုံးကျောက် Calcium Carbonate ($CaCO_3$)ကို အာဂိုနိုက်ခရစ္စတယ် (aragonite crystal) အလွှာငယ်များအဖြစ် ဖွဲ့စည်းထားသည်။ ပုလဲအလွှာတွင် ယေဘုယျအားဖြင့် ထုံးကျောက်ကယ်လဆီယမ် ကာဗွန်နိတ် ($CaCO_3$-Aragonite) ၉၃ ရာခိုင်နှုန်း၊ ကွန်ချီအိုလင် (Conchiolin) ၅ ရာခိုင်နှုန်းနှင့် ရေနှင့် အခြားသတ္တုဓာတ် ကယ်လဆီယမ်အောက်ဆိုက် အနည်းငယ် ၂ ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။

ပုလဲများကို အဓိကအားဖြင့် **သဘာဝပုလဲ (Natural Pearl)** နှင့် **မွေးမြူပုလဲ (Cultured Pearl)** ဟူ၍ ခွဲခြားနိုင်ပါသည်။ သဘာဝပုလဲသည် လူတို့က **ဝတ်ဆံလုံး** (nucleus) ထည့်သွင်းမွေးမြူခြင်းမရှိဘဲ သဘာဝအတိုင်း ကမာ သို့မဟုတ် Mollusk အတွင်းတွင် ဖြစ်ပေါ်လာသော ပုလဲဖြစ်သည်။ ယနေ့ခေတ်တွင် သဘာဝပုလဲများသည် အလွန်ရှားပါးသောကြောင့် အရည်အသွေးကောင်းမွန်ပြီး သမိုင်းတန်ဖိုးရှိပါက အလွန်မြင့်မားသော ဈေးနှုန်းရရှိနိုင်သည်။

မွေးမြူရေးပုလဲများကို ကမာမျိုးစိတ်၊ ပင်လယ်/ရေချိုပတ်ဝန်းကျင်နှင့် ထုတ်လုပ်သည့် ဒေသအလိုက် ထပ်မံခွဲခြားနိုင်ပါသည်။ ကမာ သို့မဟုတ်



**ကုန်းမြေပေါ်ရှိ သစ်တောများနှင့် ကမ်းရိုးတန်းသစ်တောများကို အလွန်အကျွံခုတ်ထွင်ပါက မြေဆီလွှာတိုက်စားမှု ပိုမိုဖြစ်ပေါ်လာနိုင်ပြီး ထိုမြေမှုန်များသည် မြစ်များမှတစ်ဆင့်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ပင်လယ်ထဲသို့ ရောက်ရှိလာပြီး နုန်းများ၊ အမှုန်အမွှားများ၊ အညစ်အကြေးများကြောင့် ရေနောက်ကျိုပြီး ရေကြည်လင်မှုကို လျော့ကျစေနိုင်သည်။ ထိုအခြေအနေသည် ပုလဲကမာများ၏ ကျန်းမာရေးနှင့် ကြီးထွားမှုအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။ ပင်လယ်ရေထဲသို့ ပလတ်စတစ်၊ အိမ်သုံးအညစ်အကြေး၊ စက်ရုံစွန့်ပစ်ရေ၊ စိုက်ပျိုးရေးဓာတုပစ္စည်းများ စသည်တို့ အလွန်အကျွံ ဝင်ရောက်လာပါက ပုလဲကမာများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်**

Mollusk အတွင်းသို့ ဝတ်ဆံလုံး (nucleus) နှင့် တစ်သျှူးဆက်သားစ (Saibo) ထည့်သွင်းပြီး ပုလဲဖြစ်ပေါ်လာစေရန် ထိန်းချုပ်မွေးမြူထားသော ပုလဲသည် မွေးပုလဲဖြစ်သည်။ မုတ်ကောင်များကို အိတ်၊ ခြင်း၊ အကာအကွယ်ကွန်များနှင့် တွဲချိတ်ထားပြီး ရေပေါ်/ရေအောက် ကြိုးတန်းရှည်များမှတစ်ဆင့် ပင်လယ်ရေထဲတွင် **ကြိုးတန်းရှည်စနစ်** (**Long-line system**) ဖြင့် မွေးမြူကြသည်။

ပုလဲမွေးမြူနိုင်သော မုတ်ကောင်သည် ခရု၊ ဂုံး၊ ယောက်သွား၊ ကမာ စသည်တို့ ပါဝင်သော Mollusk မျိုးနွယ်စုတွင် ပါဝင်သည့် သတ္တဝါဖြစ်သည်။ ပုလဲမွေးမြူသည့် မုတ်ကောင်များသည် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကောင်းမွန်သော ရေကြည်၊ ရေသန့်သော သန္တာကျွန်းစုများ၊ သန္တာရေအိုင်များတွင် ဖြစ်ထွန်းသည်။ ပုလဲ၏ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရောင်၊ ပွင့်ရည်၊ မျက်နှာပြင်၊ ပုလဲသား အထူနှင့် လိုက်ဖက်မှုတို့သည် ပုလဲတစ်လုံး၏ တန်ဖိုးဖြစ်စေသော အချက်များဖြစ်သည်။ ယနေ့ကမ္ဘာ့ပုလဲဈေးကွက်တွင် မွေးပုလဲများက အဓိကနေရာယူထားသည်။

**ပုလဲအမျိုးအစားများ**

မွေးမြူပုလဲများကို အဓိကအားဖြင့် အကိုယာပုလဲ **(Akoya Pearl) (Pinctada fucata)**, တောင်ပင်လယ်ပုလဲ (**South Sea Pearl**) (Pinctada maxima), ပုလဲနက် (Pinctada margaritifera) (**Tahitian Pearl**)နှင့် ရေချိုပုလဲ (**Fresh-water Mussel Pearl**) ဟူ၍ ခွဲခြားနိုင်ပါသည်။ တောင်ပင်လယ်ပုလဲ (**South Sea Pearl**) သည် မြန်မာနိုင်ငံအတွက် အထူးအရေးကြီးသော အမျိုးအစားဖြစ်ပြီး အဓိကအားဖြင့် **Pinctada maxima** ပုလဲကမာမှ ထုတ်လုပ်သည်။ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့သည် အဓိကထုတ်လုပ်သည့် နိုင်ငံများဖြစ်ပြီး မလေးရှားနိုင်ငံမှ အနည်းငယ် ထုတ်လုပ်လျက်ရှိပါသည်။ ပုလဲများအတွက် တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျ၊ အရှေ့အလယ်ပိုင်း၊ ဥရောပ၊ အိန္ဒိယနှင့် အရှေ့တောင်အာရှတို့သည် အရေးကြီးသော ဈေးကွက်များဖြစ်သည်။

**ပုလဲမွေးမြူရေးအတွက် အရေးပါသည့် သစ်တောဂေဟစနစ်**

ပုလဲမွေးမြူသည့် မုတ်ကောင်သည် ပင်လယ်ရေထဲမှ အစာအာဟာရများကို စစ်ထုတ်စားသုံးသည့် သတ္တဝါဖြစ်သဖြင့် ပင်လယ်ရေအရည်အသွေးသည် အဆိုပါ မုတ်ကောင်များ၏ ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ပုလဲမွေးမြူရာတွင် အောင်မြင်ဖြစ်ထွန်းရန် သဘာဝပတ်ဝန်းကျင် အထောက်အပံ့ကောင်းများစွာ လိုအပ်ပါသည်။

ပုလဲမွေးမြူရေးအတွက် အရေးကြီးသော သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်ရေအခြေအနေများမှာ လှိုင်းလေ အကာအကွယ်ရသည့် နေရာဖြစ်ခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်း၊ ရေကြည်လင်ခြင်း၊ ရေထုညစ်ညမ်းမှုနည်းခြင်း၊ နုန်းနှင့် အညစ်အကြေးများ အလွန်အကျွံမရှိခြင်း၊ အောက်ဆီဂျင်လုံလောက်ခြင်း၊ ဆားဓာတ်သင့်တော်ပြီး ရေငန်နှုန်း တည်ငြိမ်ခြင်း၊ ရေအပူချိန်တည်ငြိမ်ခြင်း၊ မုတ်ကောင်အစာဖြစ်သော အစာအာဟာရနှင့် အပင်မျှောလေးများ (Phytoplankton) ပေါကြွယ်ဝခြင်း၊ သင့်လျော်သည့် ရေအတိမ်အနက်ရှိခြင်းနှင့် ရေပြင်အကျယ်အဝန်းရှိရန် လိုအပ်ခြင်း၊ လူများအခြေချနေထိုင်သည့် ကျေးရွာများနှင့် ဝေးကွာရန် လိုအပ်ခြင်း၊ ရေချိုရပြီး စခန်းတည်ဆောက်ရန် မြေပြန့်နေရာရှိသော ကုန်းမြေလိုအပ်ခြင်း၊ သွားလာရေးလွယ်ကူသောနေရာဖြစ်ခြင်း စသည့် အချက်များကိုအလေးထားနေရာရွေးချယ်ဆောင်ရွက်ကြရပါသည်။

ကုန်းမြေပေါ်ရှိ သစ်တောများနှင့် ကမ်းရိုးတန်းဒီရေတောများသည် ကုန်းမြေနှင့် ပင်လယ်အကြားတွင် သဘာဝအကာအကွယ်တစ်ခုကဲ့သို့ လုပ်ဆောင်ပေးပြီး ပင်လယ်ရေအရည်အသွေးကို ထိန်းသိမ်းပေးသည့် သဘာဝစနစ်တစ်ခုဖြစ်သဖြင့် ပုလဲမွေးမြူရေးအတွက် အထူးအရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သစ်တောများမှ ကြွေကျသော သစ်ရွက်နှင့် သစ်ကိုင်းများ ဆွေးမြည့်ရာမှ မြေဆီလွှာအာဟာရဓာတ်များ ဖြစ်ပေါ်လာသည်။ ထိုအာဟာရများ မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်ထဲသို့ စီးဝင်သောအခါ ပုလဲကမာကောင်များ၏ အဓိကအစာဖြစ်သည့် အဏုဇီဝရေညှိ သို့မဟုတ် အပင်မျှောလေးများကို ပေါများစေသည်။ ဒီရေတောများသည် ပင်လယ်ရေအပူချိန် လွန်ကဲစွာပြောင်းလဲခြင်းမှ ကာကွယ်ပေးပြီး အပူချိန်ထိန်းညှိပေးသည်။ လေမုန်တိုင်းဒဏ်ကို သက်သာစေကာ ရေပြင်တည်ငြိမ်စေပါသည်။ ပင်လယ်ကွေ့များအတွင်းသို့ စီးဝင်သည့် ရေချိုပမာဏကို ထိန်းညှိပေးသည်။

ပုလဲမွေးမြူသော ရေပြင်ပတ်ဝန်းကျင်တွင် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်ထဲသို့ ဝင်ရောက်လာမည့် မြေမှုန်၊ နုန်းနှင့် ပလတ်စတစ်အမှိုက်များအပါအဝင် အခြားအညစ်အကြေးများကို ကုန်းမြေပေါ်ရှိ သစ်တောများ၊ ဒီရေတောများက တားဆီးလျှော့ချပေးပါသည်။ သစ်တောများ ဖုံးလွှမ်းနေသော မြေပြင်သည် မိုးရေကို စုပ်ယူထိန်းသိမ်းပေးပြီး သစ်ပင်များ၏ အမြစ်များက မြေဆီလွှာကို ခိုင်မြဲစွာ ထိန်းထားသောကြောင့် မြေဆီလွှာတိုက်စားမှု လျော့နည်းစေပါသည်။

ဒီရေတောများ၏ အမြစ်များသည် မြစ်များမှ စီးဆင်းလာသော နုန်းနှင့် မြေမှုန်များကို တားဆီးပေးနိုင်သည်။ ထို့ပြင် လှိုင်းဒဏ်နှင့် မုန်တိုင်းဒဏ်ကိုလည်း အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်သည်။ ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် အခြားရေနေသတ္တဝါများအတွက် သားပေါက်နှင့် ကြီးထွားရာနေရာများလည်းဖြစ်သည်။ ဒီရေတောများ ကျန်းမာကောင်းမွန်နေပါက ကမ်းရိုးတန်း ဂေဟစနစ်တစ်ခုလုံး၏ တည်ငြိမ်မှုကို အထောက်အကူပြုပါသည်။ ပုလဲမွေးမြူရေးဧရိယာများရှိ ပင်လယ်ရေ၏ အရည်အသွေး ကောင်းမွန်စေရန်နှင့် ထိန်းသိမ်းရန်အတွက်လည်း အကျိုးပြုပါသည်။

ကုန်းမြေပေါ်ရှိ သစ်တောများနှင့် ကမ်းရိုးတန်းသစ်တောများကို အလွန်အကျွံ ခုတ်ထွင်ပါက မြေဆီလွှာတိုက်စားမှု ပိုမိုဖြစ်ပေါ်လာနိုင်ပြီး ထိုမြေမှုန်များသည် မြစ်များမှတစ်ဆင့်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ပင်လယ်ထဲသို့ ရောက်ရှိ

*စာမျက်နှာ ၁၁ သို့*

## ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲ ဒေသအတွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဌာနမှူးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က တိုင်းဒေသကြီးဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျွန်းပင် ၁၂၀၀၀၊ ပျဉ်းကတိုးပင် ၁၂၀၀၀၊ မဟော်ဂနီပင် ၁၃၆၀၀ နှင့် သရက်ပင် ၂၀၀ စုစုပေါင်း ၃၇၈၀၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။ ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် AFC WOMEN’S CHAMPIONS LEAGUE 2026/ 2027



ပြိုင်ပွဲခြေစစ်ပွဲ မြန်မာအမျိုးသမီးကလပ် Ayeyarwady FC အသင်းနှင့် တရုတ်(တိုင်ပေ) အမျိုးသမီးကလပ် New Taipel City Hang Yuan FC အသင်းတို့၏ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်

ပြည် ဩဂုတ် ၂၃

ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိရာ ပြည်မြို့ မွေးမြူရေးဇုန်တွင် ဒေသဆိတ်နှင့် အသားစားကြက် မွေးမြူထားရှိမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုအားပေးပြီး တိရစ္ဆာန်အစာများ စိုက်ပျိုးသွားနိုင်ရေးနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေဩဇာ ထုတ်လုပ်ရောင်းချနိုင်ရေးဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားကာ မွေးမြူရေးဇုန်အတွက် သောက်သုံးရေ လုံလောက်စွာရရှိရေး လျှပ်စစ်မြေသားတမံ တည်ဆောက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်မြို့ နဝဒေးစက်မှုဇုန်ရှိ လုပ်ငန်းရှင် ဦးကြင်ဦး၏ SOGO ရေတိုင်ကီနှင့် ရေခဲပုံးထုတ်လုပ်သည့် အလုပ်ရုံနှင့်လုပ်ငန်းရှင် ဦးတင်လှ၏ “ခြသေ့်မင်း” ဆန်စက်မှ ထွက်ရှိလာသည့် စွန့်ပစ်စပါးခွံမှ လောင်စာတောင့် ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်မြို့ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စက်မှုဇုန် ဝင်/ထွက်လမ်းများ ကောင်းမွန်စေရေး၊ လျှပ်စစ်မီး လုံလောက်စွာရရှိရေး၊ စက်မှုဇုန်မှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများအပေါ် ဒေသသုံးနှင့် ပြည်ပပို့ကုန်ခွဲခြား၍ စာရင်းဇယားအချက်အလက်များ စနစ်တကျ မှတ်တမ်းတင်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းအပြင် လုပ်ငန်းရှင် ဒေါ်ငွေငွေမော်၏ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ပြည်ပပို့ကုန်အစားထိုး ဒေသစပ်ကြက်စာ ထုတ်လုပ်နေမှုနှင့် ကိုယ်တိုင်ဥစားကြက်ကောင်ရေ ၁၀၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဥစားကြက်အပြင် အသားတိုးကြက်များ တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ပုသိမ် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံ နိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ရပ်ကွက်၊ ကျေးရွာများ ရေဝင်ရောက်မှု၊ ရေရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှု၊ သီးနှံများ ရေလွှမ်းနစ်မြုပ်မှု၊ ရေဘေးသင့်ပြည်သူများအား ကူညီ ကယ်ဆယ်ရေး ပစ္စည်းများလှူဒါန်းမှု၊ ဌာနဆိုင်ရာရုံးများ ရွှေ့ပြောင်းထားရှိမှု၊ ကားလမ်း၊ ရထားလမ်းများ ရေကျော်မှုနှင့် ရေဘေးသင့်ပြည်သူများအတွက် ဆန်လိုအပ်မှုအခြေအနေကို ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ကျုံပျော်မြို့နယ် အားကစားခန်းမနှင့် မဏိရတနာ ရာမပရိယတ္တိစာသင်တိုက်ရှိ ရေဘေးသင့်ပြည်သူများနှင့် သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၏ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုကို ကြည့်ရှုအားပေးကာ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ ကျုံပျော်မြို့အဝင် မိုင်တိုင်အမှတ် (၃၈/၇) နှင့် (၃၉/၁)အကြားရှိ ကြာအင်းတံတား ရေကျော်စီးဝင်မှု၊ ရေကြည်မြို့နယ် စိမ်းလဲ့ရေကြည်ခန်းမတွင် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာစုဆောင်းထားရှိမှု၊ ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၁၉/၂-၁၉/၄) ရွှေကျောင်းကုန်းတံတား ရေစီးဆင်းနေမှု၊ ငါးသိုင်းချောင်းမြို့ ရေဘေးသင့်ပြည်သူများအတွက် The Spirit of Brotherhood Mission(TSBM)အသင်းအဖွဲ့မှလှူဒါန်းသော ရေသန့်စင်စက်တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကြည်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



*စာမျက်နှာ ၁၀ မှ*

လာပြီး နုန်းများ၊ အမှုန်အမွှားများ၊ အညစ်အကြေးများကြောင့် ရေနောက်ကျိပြီး ရေကြည်လင်မှုကို လျော့ကျစေနိုင်သည်။ ထိုအခြေအနေသည် ပုလဲကမာများ၏ ကျန်းမာရေးနှင့် ကြီးထွားမှုအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။ ပင်လယ်ရေထဲသို့ ပလတ်စတစ်၊ အိမ်သုံးအညစ်အကြေး၊ စက်ရုံစွန့်ပစ်ရေ၊ စိုက်ပျိုးရေးဓာတုပစ္စည်းများ စသည်တို့ အလွန်အကျွံ ဝင်ရောက်လာပါက ပုလဲကမာများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ဥပမာ တောင်ပင်လယ်ပုလဲ ပုလဲတစ်လုံးဖြစ်တည်လာရန် လေးနှစ်အထိ ကြာမြင့်တတ်ပါသည်။

ထိုအချိန်ကာလအတွင်း ပတ်ဝန်းကျင်ဂေဟစနစ် အနည်းငယ်ပြောင်းလဲဖောက်ပြန်ရုံမျှဖြင့် ပုလဲ၏ အရောင်အသွေးနှင့် ပုလဲသား (Nacre) အရည်အသွေး၊ ပုလဲကြီးထွားမှု၊ မျက်နှာပြင်ချောမွေ့မှုများနှင့် ခွဲစိတ်ထည့်သွင်းထားသော ဝတ်ဆံလုံးများကို မှတ်ကောင်၏ ခန္ဓာကိုယ်မှ ပြန်လည်စွန့်ထုတ်ပစ်ခြင်းတို့ကို တိုက်ရိုက်ထိခိုက်စေနိုင်ပြီး ပုလဲမှတ်ကောင်များကိုလည်း ရောဂါကျရောက်ခြင်းများ၊ သေဆုံးခြင်းများကို ဖြစ်ပွားနိုင်ပြီး ဆုံးရှုံးမှုများစွာ ရင်ဆိုင်ရနိုင်ပါသည်။

ထို့ကြောင့် ပုလဲမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ပင်လယ်ညစ်ညမ်းမှုကို လျှော့ချရန် အလွန်အရေးကြီးသည်။ ထို့ကြောင့် ပုလဲမွေးမြူရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်ရန် ပုလဲမွေးမြူရေးသက်သက်ကိုသာ အာရုံစိုက်ခြင်းထက် ပတ်ဝန်းကျင်ရှိ ဂေဟစနစ်တစ်ခုလုံးနှင့် အခြားမျိုးစိတ်များ အစားထိုးခြင်းမပြုဘဲ ဒေသမျိုးရင်းအပင်များ၊ ရေနေသတ္တဝါများ တည်ငြိမ်ကောင်းမွန်ရေးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

## အပူပိုင်းမုန်တိုင်း ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၃

ထူးခြားသည့်အခြေအနေမှာ ယနေ့ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ”(NARRA) သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## တီးတိန်မြို့၌ Home Gardening စိုက်ပျိုးနိုင်ရေး မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ ပြုလုပ်



**တီးတိန် ဩဂုတ် ၂၃**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဒေသတွင်းပြည်သူများ အကျိုးစီးပွား အထောက်အကူပြုစေရန် တီးတိန်မြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် Home Gardening စိုက်ပျိုးနိုင်ရေး မျိုးစေ့ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ပြုလုပ်သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကိုဆန်းက စားဖိုဆောင်သုံး သီးနှံမျိုးစေ့ အထုပ် ၈၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ဝမ်းတွင်း ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဲတော-ဝမ်းတွင်း အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဂျီအီးစီ ငွေစု/ငွေချေးသမဝါယမအသင်းလီမိတက်နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၁ ရက်က ကျင်းပရာ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးက အမှာစကားပြောကြားပြီး အမှုဆောင်သစ်များကို ပြန်လည်ရွေးချယ်ဖွဲ့စည်းသည်။

အဆိုပါ သမဝါယမအသင်းလီမိတက် (ငွေစု/ငွေချေး)အသင်းကို ဝမ်းတွင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၏ လူမှုဘဝအဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အသင်းသား အသင်းသူ ၇၆၂ ဦး ပါဝင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## တောင်ငူမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်



**တောင်ငူ ဩဂုတ် ၂၃**

တောင်ငူမြို့နယ်ဥပဒေရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို ဩဂုတ် ၂၁ ရက်က တောင်ငူမြို့ အမှတ် (၅) ရပ်ကွက်ရှိ မဟာမုနိ ကေလဇာတိဘုရားကြီးဓမ္မာရုံ၌ ကျင်းပရာ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) သင်တန်းဆင်း ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများဖြစ်ကြသည့် ဦးစိုင်းကျော်မျိုးလွင်၊ ဦးဇော်နိုင်ထွဋ်နှင့် ဦးသန်းဝင်းတို့က သင်တန်းသား ပြည်သူ ၅၀ အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတို့ကို ဆွေးနွေးပို့ချခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## လပွတ္တာမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်



**လပွတ္တာ ဩဂုတ် ၂၃**

လပွတ္တာမြို့နယ် ဥပဒေရုံးနှင့် အမှတ်(၆)ရပ်ကွက်၊ အမှတ် (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း ၁/၂၀၂၆ ကို လပွတ္တာမြို့ အမှတ် (၆)ရပ်ကွက် အောင်တော်မူဘုရားတန်ဆောင်း၌ ယနေ့ မွန်းလွဲပိုင်းက ဖွင့်လှစ်ရာ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ToT မှ သင်တန်းဆင်းအမှတ်(၆)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးထွဋ်၊ အမှတ်(၈)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေအကြောင်းအရာများကို ပို့ချခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ထက်ထက်ဇော်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ ဓာတ်မြေသြဇာဖြန့်ဖြူးရောင်းချမှု စာချုပ်ချုပ်ဆိုပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မိုးသီးနှံအတွက် သီးနှံပေါ်စနစ်ဖြင့် ဓာတ်မြေသြဇာဖြန့်ဖြူးရောင်းချမှု တောင်သူများဖြင့် စာချုပ်ချုပ်ဆိုပွဲကို ဩဂုတ် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်အေးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုများမှ မိုးသီးနှံစိုက်တောင်သူများအား အစုအဖွဲ့အလိုက် စာချုပ်ချုပ်ဆိုခဲ့ရာ မိုးသီးနှံအတွက် သီးနှံပေါ်စနစ်ဖြင့် ဓာတ်မြေသြဇာဖြန့်ဖြူးရောင်းချမှုကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၅ အုပ်စုမှ တောင်သူ ၅၂၃ ဦးအား ဖြန့်ဖြူးရောင်းချခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ညောင်ဦးမြို့နယ်၌ ဒေသမျိုး ဖီးကြမ်းငှက်ပျောပင်များ စိုက်ပျိုး



**ညောင်ဦး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့်အခြေခံပညာအထက်တန်းကျောင်း(ပုဂံ) ကျောင်းဝင်းအတွင်း ဩဂုတ် ၂၂ ရက်က ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ခရိုင်ပညာရေးမှူး ဦးကျော်ဝင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးလှိုင်ကျော်စိုးတို့ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဒေသမျိုး (ဖီးကြမ်း)ငှက်ပျောပင် ၂၂၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## ကဝမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

**ကဝ ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျားတက်ကျေးရွာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ (ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပြည်သူ့စကားဝိုင်းကို ကျင်းပခဲ့သည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူများ စားအုန်းဆီ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချသည့်ဆိုင်များတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှုရှိ မရှိနှင့် တစ်အိမ်ထောင်စုလျှင် စားအုန်းဆီ နှစ်ပိဿာ ငါးဆယ်ကျပ်သားနှုန်း ရောင်းချပေးနေခြင်းကို ဩဂုတ် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ချစ်ဦးနွေ(မြင်းခြံ)





မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ စီမံကွပ်ကဲမှုဖြင့် မြို့နယ်ဆီလုပ်ငန်းရှင်ကြီးများအသင်းက အခြေခံလူတန်းစားများ စားအုန်းဆီ ဖူလုံစေရေးအတွက် မြို့ပေါ်ခြောက်ရပ်ကွက်နှင့် ကျေးရွာများမှ အိမ်ထောင်စုဝင်ပြည်သူများအား ဩဂုတ် ၂၁ ရက်မှစတင်၍ နေ့စဉ်ရောင်းချပေးစဉ်။ ကျော်မျိုးနိုင်(တောင်သာ)



တောင်ဥက္ကလာပမြို့နယ်၌ ဂျီအီးစီ (ပညာရေး)သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၊ ထူးချွန်ဂုဏ်ပြုပွဲနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**
**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

တစ်ပတ်တာ ဖတ်စရာ

# မြန်မာရေးရာ

## ဩဂုတ် ၁၆ ရက်

### မြန်မာ-ကိုရီးယား သွားဘက်ဆိုင်ရာပညာရပ် ပူးပေါင်းဆောင်ရွက်မည်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်နှင့် ကိုရီးယားနိုင်ငံ Chosun University, School of Dentistry တို့အကြား ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး သွားနှင့်ခံတွင်းဆိုင်ရာ ကုသမှုများ၊ သင်တန်းများနှင့် လက်တွေ့လေ့ကျင့်မှုများ ပူးပေါင်းဆောင်ရွက်မည်။

## ဩဂုတ် ၁၇ ရက်

### နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်စတင်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ ဂျေပူရ်မြို့၌ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး၊ ကာဇက်စတန်နိုင်ငံ အာမတီမြို့၌ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

## ဩဂုတ် ၁၈ ရက်

### သမ္မတ ဦးမင်းအောင်လှိုင် ရုရှားခေါင်းဆောင်များနှင့် တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် နံနက်ပိုင်းတွင် လည်းကောင်း၊ ရုရှားဝန်ကြီးချုပ်နှင့် မွန်းလွဲပိုင်းတွင်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံလွှတ်တော်များနှင့် အစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆွေးနွေးခဲ့သည်။ ထို့နောက် ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် ကရင်မလင်နန်းတော်၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။ တွေ့ဆုံမှုအတွင်း စွမ်းအင်၊ စီးပွားရေး၊ လုံခြုံရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာ စုစုပေါင်း ၁၂ ခု လက်မှတ်ရေးထိုးလဲလှယ်ခဲ့ပြီး နှစ်နိုင်ငံပူးတွဲကြေညာချက်များကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် သမ္မတနှစ်ဦးက မီဒီယာများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားမည့်အခြေအနေများကို ပြောကြားခဲ့သည်။

## ဩဂုတ် ၁၉ ရက်

### နိုင်ငံတော်သမ္မတ၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍစုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ်အတွင်း မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားပြီး G.V. Plekhanov စီးပွားရေးတက္ကသိုလ်က ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသည်။

ထို့ပြင် Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အာကာသနည်းပညာ၊ ပညာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတက ရုရှားနိုင်ငံရှိ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအား နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်၊ ပြည်ပတွင် ရရှိသည့် ပညာနှင့်အတွေ့အကြုံများကို နိုင်ငံ့အကျိုးအတွက် ပြန်လည်အသုံးချကြရန် မှာကြားသည်။ အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပညာရေး၊ စီးပွားရေးနှင့် အာကာသကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် အလေးထားဆွေးနွေးခဲ့ကြသည်။

## ဩဂုတ် ၂၀ ရက်

### နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်ခဲ့သည်။ မင့်စ်မြို့သို့ ရောက်ရှိပြီးနောက် The Victory Monument ၌ လွမ်းသူပန်းခွေချ အလေးပြုခဲ့ပြီး ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Alexander Turchin နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး နှစ်နိုင်ငံစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။ ထို့နောက် Grodno မြို့ရှိ Grodno Azot ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို လေ့လာခဲ့ကြောင်း သိရသည်။

## ဩဂုတ် ၂၁ ရက်

### ဘယ်လာရုစ်ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်

ဘယ်လာရုစ်သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား သမ္မတနန်းတော်၌ ဂုဏ်ပြုကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် နှစ်နိုင်ငံနိုင်ငံတော်အဆင့် ဆွေးနွေးပွဲတွင် ၂၀၂၆-၂၀၂၈ ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးများကို ဆွေးနွေးကြသည်။ နှစ်နိုင်ငံ အကြား ဥပဒေရေးရာ၊ ရွေးကောက်ပွဲ၊ အာကာသ၊ သိပ္ပံနှင့်နည်းပညာ၊ ဘဏ္ဍာရေးနှင့် မီဒီယာကဏ္ဍများဆိုင်ရာ သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာ ၉ ခုကို လဲလှယ်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်လွှတ်တော် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံ၍ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးသည်။ မင့်စ်မြို့ရှိ မြန်မာသံရုံးဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပြီး သံရုံးဆောက်လုပ်နေမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ သမ္မတနှစ်ဦးက မီဒီယာများနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်သံရုံးများ ဖွင့်လှစ်ရေးတို့ကို အလေးထား ပြောကြားခဲ့ကြသည်။

## ဩဂုတ် ၂၂ ရက်

### ဘယ်လာရုစ်နှင့် ရုရှားခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် သံတမန်ဆက်ဆံမှု တိုးမြှင့်ရေး ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ မြန်မာသံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထား ပြောကြားခဲ့သည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ်သို့ ရောက်ရှိပြီး ပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံနှင့် တူဗားပြည်နယ်အကြား စိုက်ပျိုးမွေးမြူရေး၊ တွင်းထွက်သယံဇာတ၊ ဘာသာရေးနှင့် ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

# ကမ္ဘာရေးရာ

### ဘယ်လ်ဂျီယံ၌ စံချိန်တင်တောမီးလောင်ကျွမ်း

ဩဂုတ် ၁၄ ရက်က စတင်လောင်ကျွမ်းခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ပိုင်း ဟိုက်ဖန်းစ်ဒေသ တောမီးမှာ ဟက်တာ ၃၀၀၀ ခန့်အထိ ပျံ့နှံ့ခဲ့ပြီး ဒေသခံ ၆၀၀ ဝန်းကျင်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားသည်။

### DRC ၌ အီဘိုလာကြောင့် သေဆုံးသူ ၂၃၀၀ ကျော်လာ

၂၀၁၈ ခုနှစ်မှစတင်ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါကြောင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ဩဂုတ် ၁၆ ရက်အထိ သေဆုံးသူ ၂၃၂၅ ဦးရှိလာပြီး နိုင်ငံ့သမိုင်းတစ်လျှောက် သေဆုံးမှုအများဆုံးဖြစ်လာသည်။

### အင်ဒိုနီးရှား၌ လျှင်ငယ် ၁၅၇၆ ကြိမ်ကျော် လှုပ်ခတ်

ဩဂုတ် ၁၆ ရက်က အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်၌ ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်ပြီးနောက် ငလျင်ငယ် ၁၅၇၆ ကြိမ်ထက်မနည်း ဆက်လက်လှုပ်ခတ်ခဲ့သည်။

### ကင်ညာ၌ ရဟတ်ယာဉ်ပျက်ကျ ခုနစ်ဦးသေဆုံး

ဩဂုတ် ၁၉ ရက်က ကင်ညာနိုင်ငံ ဆမ်ဘူလူဒေသရှိ အိုလိုလိုကွေတောင်ပေါ်တွင် ကမ္ဘာလှည့်ခရီးသွားခြောက်ဦးနှင့် လေယာဉ်မှူးတစ်ဦး လိုက်ပါသည့် ရဟတ်ယာဉ်ပျက်ကျရာ လိုက်ပါသူအားလုံးသေဆုံးခဲ့သည်။

### တောင်ဩစတြေးလျ၌ ငှက် ၁၀၀၀ ကျော် သေဆုံး

ဩဂုတ် ၂၀ ရက်တွင် တောင်ဩစတြေးလျပြည်နယ် ကမ်းရိုးတန်းကျွန်းများ၌ H5N1 ကြက်ငှက်တုပ်ကွေး သံသယဖြစ်ဖွယ် ငှက်များအစုလိုက်အပြုံလိုက် သေဆုံးမှုဖြစ်ပွားပြီး ငှက် ၁၀၀၀ ကျော် သေဆုံးခဲ့သည်။

### တရုတ်-အင်ဒိုနီးရှား ဘက်စုံဗျူဟာမြောက်ဆွေးနွေးပွဲ ကျင်းပ

ဩဂုတ် ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် တရုတ်နှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးများ ပထမဆုံးအကြိမ် ဘက်စုံဗျူဟာမြောက် ဆွေးနွေးပွဲကျင်းပပြီး ကုန်သွယ်ရေး၊ AI နှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်။

## ကော့သောင်းမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ကော့သောင်း ဩဂုတ် ၂၃

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကော့သောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆောင်၍ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ဆန်ကုန်သည်ကြီးများအသင်း၊ ခရိုင်ဆီကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများက အခြေခံပြည်သူများ၊ ဝန်ထမ်းများ၊ ရွှေ့ပြောင်းလုပ်သားများ၊ အခြားဒေသမှ လာရောက်နေထိုင်ကြသော ပြည်သူများ၊ စားဝတ်နေရေး သက်သာချောင်ချိမှု ရှိစေရေးအတွက် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီနှင့် ကြက်ဥများကို ဩဂုတ် ၂၂ ရက်က ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် မြရည်ပုလဲလမ်းရှိ နန္ဒဝန်ဈေးရှေ့၌ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ

# ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်အဆင့်(၁)တွင် ဟားဗတ်တက္ကသိုလ် ဆက်လက်ရပ်တည်

ကိပ်တောင်း ဩဂုတ် ၂၃

**တောင်အာဖရိကတက္ကသိုလ်သုံးခုသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက် (ARWU) တွင် ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ် ၅၀၀ စာရင်း၌ ပါဝင်လာကြောင်း ဒေသမီဒီယာက ဩဂုတ် ၂၂ ရက်တွင် ဖော်ပြထားသည်။**



နောက်ဆုံးထုတ်ပြန်သည့် အဆင့်သတ်မှတ်ချက်အရ ကိပ်တောင်းတက္ကသိုလ်သည် ကမ္ဘာ့အဆင့် ၂၀၁-၃၀၀ အတွင်း ရပ်တည်နိုင်ခဲ့ပြီး တောင်အာဖရိကနိုင်ငံ၏ အကောင်းဆုံးတက္ကသိုလ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ ဂျိုဟန်နက်စဘတ်မြို့ရှိ Witwaters-rand တက္ကသိုလ်သည် ကမ္ဘာ့အဆင့် ၃၀၁-၄၀၀ အတွင်း ရပ်တည်နိုင်ခဲ့ပြီး တောင်အာဖရိကနိုင်ငံ၏ ဒုတိယအကောင်းဆုံးတက္ကသိုလ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

Stellenbosch မြို့ရှိ Stellenbosch တက္ကသိုလ်သည် ကမ္ဘာ့အဆင့် ၄၀၁-၅၀၀ အတွင်း ရပ်တည်နိုင်ခဲ့ပြီး အခြားတောင်အာဖရိကတက္ကသိုလ် အများအပြားလည်း ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၁၀၀၀ စာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

ဟားဗတ်တက္ကသိုလ်သည် ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်အဖြစ် အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး စတန်းဖို့ဒ်တက္ကသိုလ်နှင့် မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်တို့က အဆင့်(၂)နှင့် အဆင့်(၃)နေရာတွင် အသီးသီး ရပ်တည်ခဲ့ကြသည်။ ထို့အပြင် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ် ၁၀၀ စာရင်းတွင် အမေရိကန်တက္ကသိုလ် ၃၇ ခု ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘော်လ်တစ်သုံးနိုင်ငံတွင် အင်အားပြင်းမုန်တိုင်းတိုက်ခတ်သဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်

ရီဂါ ဩဂုတ် ၂၃

အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းတစ်ခုသည် ဩဂုတ် ၂၂ ရက်က လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စ်တိုးနီးယားနိုင်ငံတို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသက်မုန်တိုင်းများကြောင့် နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မိုးလေဝသဆိုင်ရာ အချက်အလက်များအရ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း လတ်ဗီးယားနိုင်ငံတွင် အဆိုးရွားဆုံးထိခိုက်ပျက်စီးမှု ဖြစ်ပေါ်စေသည့် မုန်တိုင်းဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၂၂ ရက် ညပိုင်းတွင် အရေးပေါ် ဝန်ဆောင်မှုဌာနများထံ လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများနှင့် ပတ်သက်၍ ဖုန်းခေါ်ဆိုအကူအညီတောင်းခံမှု ၁၀၀၀ ကျော် ရှိခဲ့ကြောင်း လတ်ဗီးယားမီးသတ်နှင့် ကယ်ဆယ်ရေးဌာနက ပြောသည်။



လစ်သူယေးနီးယားနိုင်ငံတွင်လည်း ဩဂုတ် ၂၂ ရက်က မုန်တိုင်းနှင့်ဆက်နွယ်၍ ဖုန်းခေါ်ဆိုအကူအညီတောင်းခံမှု ၁၂၀၀ ကျော်ရှိခဲ့ကြောင်း မီးသတ်သမားများကပြောကြားပြီး အက်စ်တိုးနီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများမှာ ဩဂုတ် ၂၃ ရက် နံနက်ပိုင်းအထိ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းမုန်တိုင်းကြောင့် အဆိုပါသုံးနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုင်းကွန်ရက်များ အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့ပြီး လတ်ဗီးယားနိုင်ငံတွင် လူပေါင်း ၂၅၄၀၀၀ ခန့်၊ လစ်သူယေးနီးယားနိုင်ငံတွင် လူပေါင်း ၂၅၆၀၀၀ ခန့်နှင့် အက်စ်တိုးနီးယားနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၃၄၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# နာဆာက မျိုးဆက်သစ် အာကာသတယ်လီစကုပ်ကို ယခုလနှောင်းပိုင်း လွှတ်တင်မည်

နယူးယောက် ဩဂုတ် ၂၃

အမေရိကန်အာကာသအေဂျင်စီ နာဆာသည် ဩဂုတ်လကုန်ပိုင်းတွင် မျိုးဆက်သစ်အာကာသတယ်လီစကုပ်ကို လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

နန်စီဂရေ့စ် ရိုမန်းအာကာသတယ်လီစကုပ်တွင် အချင်း ၂ ဒသမ ၄ မီတာရှိ အဓိကကြည့်မှန်နှင့် မဂ္ဂါပစ်ဇယ် ၃၀၀ ပါဝင်သည့် အနီအောက်ရောင်ခြည်ကင်မရာ တပ်ဆင်ထားသည်။

အဆိုပါကိရိယာများကြောင့် အာကာသဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ကို ပိုမိုကြည်လင်ပြတ်သားစွာ တွေ့မြင်နိုင်တော့မည်ဖြစ်သည်။

ရိုမန်းအာကာသတယ်လီစကုပ်၏မြင်ကွင်းဧရိယာသည် ၁၉၉၀ ပြည့်နှစ်တွင် လွှတ်တင်ခဲ့သည့် ဟယ်ဘယ်အာကာသတယ်လီစကုပ်ထက် အဆ ၁၀၀ ပိုမိုကျယ်ပြန့်ကြောင်း နာဆာက ပြောကြားသည်။ မျိုးဆက်သစ်တယ်လီစကုပ်သည် စကြဝဠာအတွင်းရှိ ထူးဆန်းဖွယ်အမှောင်ထုကို ပိုမိုလေ့လာဖော်ထုတ်နိုင်ရန် မျှော်မှန်းထားကြောင်း နာဆာက ပြောကြားသည်။

ရိုမန်းတယ်လီစကုပ်ကို ဩဂုတ် ၃၀ ရက်တွင် အမေရိကန်နိုင်ငံတောင်ပိုင်း ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစင်တာမှ လွှတ်တင်သွားရန် စီစဉ်ထားပြီး စမ်းသပ်မှုများပြုလုပ်ကာ သုံးလအကြာတွင် လေ့လာမှုများ စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နေရပ်ပြန်နှင့် ရွှေ့ပြောင်းနေထိုင်သူမိသားစုများအတွက် အာဖဂန်အစိုးရက အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ကူညီ

ကဘူးလ် ဩဂုတ် ၂၃

လွန်ခဲ့သည့်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ နေရပ်ပြန်လာသူများနှင့် ပြည်တွင်း၌ ရွှေ့ပြောင်းနေထိုင်သူ စုစုပေါင်း ၃၁၃၂၀ အတွက် အစိုးရက အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၁၂ သန်းတန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဖြန့်ဝေပေးခဲ့ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်လည်နေရာချထားရေးဆိုင်ရာဝန်ကြီးဌာနက ဩဂုတ် ၂၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါကူညီထောက်ပံ့သည့်ပစ္စည်းများတွင် ငွေသား၊ အစားအသောက်၊ ကျန်းမာရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် စာရွက်စာတမ်းများရရှိရေးအတွက် အကူအညီပေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ ပါဝင်ကြောင်း ဖော်ပြထားသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လမှစတင်၍ နေရပ်ပြန်လာသည့် အာဖဂန်ဒုက္ခသည် အရေအတွက်မှာ ၈ ဒသမ ၁ သန်း ရှိလာပြီဖြစ်ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ၌ နို့တိုက်သတ္တဝါတစ်ကောင်တွင် H5 ငှက်တုပ်ကွေးရောဂါ ပထမဆုံးအတည်ပြုတွေ့ရှိ

**မဲလ်ဘုန်း ဩဂုတ် ၂၃**- ဩစတြေးလျနိုင်ငံ တောင်ဩစတြေးလျပြည်နယ်အတွင်း နှာတံရှည် ပင်လယ်ဖျံတစ်ကောင်တွင် ဗိုင်းရပ်စ်ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် နို့တိုက်သတ္တဝါတစ်ကောင်တွင် H5 ငှက်တုပ်ကွေးရောဂါကူးစက်မှုကို ပထမဆုံးအကြိမ် အတည်ပြုခဲ့ကြောင်း သိရသည်။ အဆိုပါပင်လယ်ဖျံကို တောင်ဩစတြေးလျပြည်နယ်၏မြို့တော် အက်ဒီလိတ်မြို့၏ တောင်ဘက် ၃၀၀ ကီလိုမီတာခန့်အကွာ ဘိချ်ပို့တ်တွင် တွေ့ရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောရေးရာဝန်ကြီး ဂျူလီကောလင်းစ်က ပြောကြားသည်။ တောင်ဩစတြေးလျပြည်နယ်၌ ကူးစက်မှု ၁၈၃ မှုအပါအဝင် ဩစတြေးလျနိုင်ငံတစ်ဝန်း H5 ငှက်တုပ်ကွေးကူးစက်မှု စုစုပေါင်း ၂၉၈ မှု တွေ့ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ထိုင်းတောင်ပိုင်း တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ပြည်သူများ နိုးနိုးကြားကြားနေထိုင်ကြရန် ထိုင်းတပ်မတော်သတိပေးချက်ထုတ်ပြန်

ဗန်ကောက် ဩဂုတ် ၂၃

ထိုင်းနိုင်ငံတောင်ပိုင်း နယ်စပ်ပြည်နယ်များတွင် ပြင်းထန်သောတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် နိုးနိုးကြားကြားနေထိုင်ကြရန် ထိုင်းတပ်မတော် အမှတ်(၄)ဒေသက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နာရာသီဝပ်၊ ယာလာနှင့် ပတ်တာနီပြည်နယ်များတွင် ဩဂုတ် ၂၂ ရက် ည ၈ နာရီမှစတင်၍ မီးရှို့တိုက်ခိုက်မှုများ၊ ပေါက်ကွဲမှုများအစရှိသည့်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း ထိုင်းမီဒီယာတွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုများတွင် အုပ်ချုပ်ရေးရုံးများကို မီးရှို့ခြင်း၊ ကားတာယာများကို မီးရှို့ခြင်းနှင့် ကုန်စုံဆိုင်များကို ဖောက်ခွဲခြင်းတို့ ပါဝင်ကြောင်း သိရသည်။ နာရာသီဝပ်ပြည်နယ်တွင် ဖြစ်စဉ် ၁၁ ခုခန့် ဖြစ်ပွားခဲ့ပြီး ကားတစ်စီးပေါက်ကွဲမှုကြောင့် နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ပြည်နယ်အတွင်း စနေနေ့ည ၁၀ နာရီ ၁၅ မိနစ်မှ တနင်္ဂနွေနေ့ နံနက် ၆ နာရီအထိ ညဘက်မထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း နာရာသီဝပ်အထူးတပ်ဖွဲ့က လူမှုကွန်ရက်မှတစ်ဆင့် ကြေညာခဲ့သည်။ အရေးပေါ်ကိစ္စရပ်များကြောင့် နေအိမ်မှထွက်ခွာရန် လိုအပ်ပါက ဒေသခံရဲတပ်ဖွဲ့၊ တပ်မတော်နှင့် အုပ်ချုပ်ရေးအာဏာပိုင်များထံမှ ခွင့်ပြုချက်ရယူရမည်ဟုလည်း ဖော်ပြထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်၌ ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခတ်၊ ၃၇ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရ

တိုကျို ဩဂုတ် ၂၃

ဂျပန်နိုင်ငံ တိုကျိုမြို့အရှေ့မြောက်ဘက်ရှိ အိဘာရာကိစီရင်စုတွင် ဩဂုတ် ၂၃ ရက် အစောပိုင်းက ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ၃၇ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းငလျင်သည် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်တွင် အိဘာရာကိစီရင်စုတောင်ပိုင်းကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ဗဟိုချက် အနက်မှာ ၆၈ ကီလိုမီတာခန့်ရှိကြောင်း ဂျပန်မိုးလေဝသဌာနက ပြောသည်။ ငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်နိုင်သည့် အန္တရာယ်မရှိကြောင်း သိရသည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီအထိ တိုကျို၊ အိဘာရာကိ၊ ဆိုင်တမ၊ ချီဘနှင့် ကာနာဂါဝါစီရင်စုတို့တွင် ၃၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီကို ကိုးကား၍ ဖူဂျီသတင်းကွန်ရက်က ဖော်ပြထားသည်။

ထို့အပြင် အဆိုပါငလျင်ကြောင့် ကန်တိုဒေသတွင် ရထားပြေးဆွဲမှုအချို့ ယာယီနှောင့်နှေးခဲ့သော်လည်း ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ တိုကျိုမြို့ ကိုတိုရပ်ကွက်နှင့် အခြားဒေသများတွင်လည်း ရေပိုက်ပေါက်ထွက်ခဲ့ပြီး ယာယီရေလျှံမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၈-၂၀၂၆ တနင်္လာနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်များကပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ "သန့်ရှင်းလတ်ဆတ်သောအာဟာရဓာတ်ပေး ပဲလုံမှန့်လေး"
၀၉:၁၀ "ကမ္ဘာ့အလယ်မှာဝင့်ထည်စေဖို့ မြန်မာ့ချည်ထည်များ ဝတ်ကြစို့" (ဗမာဝိတ်အထည်ချုပ်လုပ်ငန်း)
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ ဘဝနှင့်အနုပညာ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အပုန်း၏အလွန်' (အပိုင်း-၄)
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၅)
၁၄:၄၀ မျိုးဝုဏ်တင့်စေဆိုကရေးတီးအမွေ
၁၅:၂၅ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာအစီအစဉ်)
၁၅:၃၅ The Sports Editor's Top Picks Of This Week
၁၆:၄၀ ချစ်စရာအရွယ်ကစားကြမယ်
၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၃၅ This Week's Special Interest
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၀၀ လွှတ်တော်သတင်း
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'အပုန်း၏အလွန်' (အပိုင်း-၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) "သုခသံစဉ်" (အပိုင်း-၄)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

mitv

07:01 Evergreen Classic; Parami Taw (Hnin Hnin Htoo)
07:09 Exploring Hainan; Travel and Culture
07:28 Chef Life: Avi Bitton (Israeli Chef)
07:43 Traditional Myanmar Theatrical Performance (Opening Welcome Music)
08:01 News
08:26 Asia Updates; Decomposing Forest
08:32 Sri Ksetra, Field of Fortune & Glory (Part-1)
08:52 Myanmar Puppeteers (Zawgyi Dance)
09:01 His Life and His Art: Naing Zaw (Guitarist)
09:20 Lisu Village Resort
09:30 Danu Food: Tofu Dish
09:38 Commercial Farming to GDP Growth, Cassava Grower
10:01 News

Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၃၀ မြန်မာသံစဉ်တေးများ
၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'အလင်းပေးမယ့်ဝေယောင်းတိုင်' (အပိုင်း-၁၁)
၀၇:၅၀ "Singing in the Rain" Music Concert
၀၉:၄၅ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
၁၀:၁၅ မြန်မာရုပ်ရှင်(ဖြူမည်း) 'ငွေပင်နားတော့ငွေကျေး' ညွန့်ဝင်း၊ ခင်သန်းနု (ဒါရိုက်တာ-ကြည်စိုးထွန်း)

MRTV NRC

ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) သံပရာခွံအရံဟင်းချက်ပြုတ်နည်း
ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀) ကိုက်လန့်၏ကျန်းမာရေးအကျိုးကျေးဇူးများ
မွန် (၀၉:၀၀ မှ ၁၁:၀၀) မွန်တို့၏ယုံကြည်ကိုးကွယ်ရာစေလေ့ထုံးတမ်းများ
ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) မျိုးဝုဏ်တင့်စေ ယဉ်ကျေးမှုအမွေ(အပိုင်း-၂)
ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) မှိုရဲ့ကောင်းကျိုးဆိုးကျိုး
ဝ (၁၅:၀၀ မှ ၁၇:၀၀) "ဝ"ဘာသာစကားပြောကြရအောင် (အရောင်အဆင်းဆိုင်ရာဝေါဟာရများ)
ကချင် (၁၇:၀၀ မှ ၁၉:၀၀) မနောအလှ
ကယား (၁၉:၀၀ မှ ၂၁:၀၀) ကယားတိုင်းရင်းသားတို့ရဲ့ပျော်ရာတောင်ပေါ်ဒေသ
ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀) ဝုံးအစပ်ချက်နှင့်သခွတ်ပွင့်သုပ်
အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ဖျင်းဖြူရွာက ရေလုပ်သားကြီးဘဝ
အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) အုံသြဖွယ်ရာပဒုံဝှမြေမှာ

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၃၅ Sports Diary
၁၂:၁၅ ထူးခြားစုံလင်အာရှဗဟိုဗိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၈:၁၅ "Honey ဆိုတဲ့ Honey"
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၁၅ "ပလတ်စတစ်ပုလင်းခွဲပြင့် ရေလောင်းဖို့မလိုသော ငရုတ်စိုက်ပျိုးနည်း"

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပမှု (Repeat)
၁၉:၀၀ ပြည်တွင်းသတင်း(၂၄-၈-၂၀၂၆)
၂၀:၀၀ ပြည်တွင်းသတင်း(၂၄-၈-၂၀၂၆)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၀ "ကမ္ဘာ့အလယ်မှာဝင့်ထည်စေဖို့ မြန်မာ့ချည်ထည်များ ဝတ်ကြစို့" ဗမာဝိတ် အထည်ချုပ်လုပ်ငန်း
၀၇:၀၀ "သုတပဒေသာစိုက်ပျိုးနည်းပညာ" လူသားတို့တာသာယာဖွံ့ဖြိုးရေး ကျန်းမာရေးကိုဦးစားပေး
၀၈:၀၀ လူမှုစီးပွားဘဝမြင့်မားရေး သမဝါယမက ဆောင်ရွက်ပေး
၀၉:၃၀ ပိုကန့်နှစ်ဆတိုးမြှင့်ဖို့ MSMEအရောင်းပြပွဲများ ကျင်းပကြမိစို့
၁၀:၃၀ ရာမာယဏ ဇာတ်တော်ကြီး (ဒုတိယပိုင်း) (ဇာတ်တော်)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၂၀ The Sports Editor's Top Picks Of This Week
၀၇:၃၅ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (စနူကာပြိုင်ပွဲ)(ဗိုလ်လုပွဲ) (Replay)
၁၉:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။


## မြို့သစ်မြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

မြို့သစ် ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနည်းပညာပေးသင်တန်းကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဆန်းအောင်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးညဏ်မြင့်ဦးက မြို့နယ်အတွင်းဝါသီးနှံကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရေးနှင့် စိုက်နည်းစနစ် (မျိုး၊ မြေ၊ ရေ) မှန်ကန်စွာရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းကိုဆက်လက်ပို့ချရာ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မည့် ငွေကုန်းကျေးရွာအုပ်စု၊ မြေပြင်သာကျေးရွာအုပ်စု၊ နဘဲကုန်းကျေးရွာအုပ်စု၊ မင်းရပ်ကွက် (ယင်းနားကုန်း)တို့မှ တောင်သူ ၅၀ တက်ရောက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန သင်တန်းနည်းပြများက ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများပို့ချပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ဆင်ပေါင်ဝဲမြို့နယ်၌ ကျောင်းသား ကျောင်းသူများအာဟာရဖွံ့ဖြိုးရေး ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး

ဆင်ပေါင်ဝဲ ဩဂုတ် ၂၃

ကျောင်းသင်ခန်းစာများအပြင် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ကာယနှင့် ဉာဏ်ရည်ဖွံ့ဖြိုးရေးအတွက် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသော အစားအစာများ မှန်မှန်စိုက်ပျိုးကျွေးမွေးနိုင်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ငှက်ပျောပင်စုပေါင်းစိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဝင်းနိုင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ တာဝန်ခံမြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ စုစုပေါင်း ၃၅၀ တက်ရောက်ကြသည်။



ထို့နောက် တက်ရောက်လာသူများက ကျောင်းဝင်းအတွင်း သတ်မှတ်မြေနေရာများ၌ ရာသီဥတုနှင့်သင့်တော်ပြီး အထွက်နှုန်းကောင်းမွန်သည့် ငှက်ပျောပင်ပေါင်း ၃၀၀ ကို စနစ်တကျ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စာရေးဆရာအသင်း (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စာရေးဆရာအသင်း (၂၉) နှစ်မြောက် (ပုလဲရတု)အကြို နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁၁၀) ရပ်ကွက်၊ ရိပ်မွန်ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်စာရေးဆရာအသင်း ဂုဏ်ထူးဆောင်နာယက ဆရာတော် ဒေါက်တာ အရှင်နေမိန္ဒ (နေနေနိုင်သူ)ထံမှ ငါးပါးသီလခံယူဆောက်တည်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလပြည့်ဇင် (လက်ယာ-မေတ္တာတံခွန်) က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဝင် ဦးအောင်ကျော်မင်း (ကောင်းခြိမ့်ကျော်)က ကိုယ်တိုင်ရေးစပ်ပူဇော်သည့် ကန်တော့ချိုးဖြင့် ကန်တော့ခံ အသင်းဝင်များအားပူဇော်ခြင်းနှင့် ပူဇော်ပစ္စည်းများ ဂါရဝပြုပေးအပ်ခြင်း၊ အမျိုးသားစာပေဆုရ ဆရာမကြီး အလင်္ကာကျော်စွာ ရွှေကူနန်းနွဲ့နွဲ့က မုဒိတာစကားပြောကြားခြင်း၊ မြို့နယ်ဂုဏ်ဆောင်အသင်းဝင် ရှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်ပေးအပ်ခြင်း၊ မြို့နယ်ဂုဏ်ထူးဆောင်နာယကဆရာတော်များနှင့် နာယကကြီးများအား တင်မြှောက်လွှာဆက်ကပ်/ပေးအပ်ခြင်း၊ အင်အားတိုးပြောင်းရွှေ့လာသော အသင်းဝင် ဦးအောင်ကျော်မင်း(ကောင်းခြိမ့်ကျော်)၏ ကိုယ်ရေးအကျဉ်းအား မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက ဖတ်ကြားခဲ့ကြောင်း သိရသည်။



အေးမဥ္ဇူ

## တံတားဦးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

တံတားဦး ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာ ကျောင်းသစ်ကျောင်း သဒ္ဓမ္မပါလဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးဘိုမောင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ဌာနအသီးသီးက သက်ဆိုင်သည့်လုပ်ငန်းများကို ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် သဲမောင်းကန်ကျေးရွာ၊ အိမ်မြင့်စံကျေးရွာနှင့် ဝန်ပတေ့ကျေးရွာတို့မှ ပြည်သူများက မိမိတို့ဆွေးနွေးလိုသည့် အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပဆင-နတ်မော်- မြေခြား-သာစည်-ညောင်ကုန်းလမ်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် သန္တိသနော့-သဃ်န်းအိုင်ဆိပ်လမ်းတို့အား ချိတ်ဆက်ထားသည့် နတ်မော်ချောင်းကူးတံတား တည်ဆောက်မည့်နေရာများသို့ ဩဂုတ် ၂၃ ရက်က ရေဝတီတိုင်းဒေသကြီးတာဝန်ခံ၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် ဟင်္သာတခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်နိုင်ဝင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective(နာမဝိသေသန)များနဲ့ပတ်သက်ပြီး Interrogative Adjectives (အမေးနာမဝိသေသနများ)နဲ့ Possessive Adjectives (ပိုင်ဆိုင်မှုပြနာမဝိသေသန)အကြောင်းကို ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about online shopping–1 (အွန်လိုင်းကနေ ဈေးဝယ်တဲ့အခါမှာ ဘယ်လိုပြောမလဲ။) ကိုထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်)အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Interrogative Adjectives** (အမေးနာမဝိသေသန) What၊ Which နှင့် Whose ဆိုသည့် အမေးစကားလုံးများ၏ နောက်တွင် Noun(နာမ်) လိုက်ပြီး မေးခွန်းမေးသည့်အခါသုံးသော စကားလုံးများကို Interrogative Adjectives (အမေးနာမဝိသေသန)ဟု ခေါ်သည်။ ဥပမာ–

- **What** manner of man is he?
- **Which** way shall we go?
- **Whose** book is this?
- **What** colour do you like?
- **What** kind of tree is this?
- **What** type of person is he?
- **Which** girl wants a flower?
- **Whose** umbrella is that?

ဒီနေရာတွင် **What** ကို ယေဘုယျအားဖြင့် ကိုယ်မသိသည့် အရာကို မေးသည့်အခါတွင် သုံးသည်။ **Which** ကိုကိုယ်သိပြီးသားအရာတွေထဲက ဘယ်တစ်ခုလဲလို့ ရွေးချယ်မှုကို မေးလိုသည့်အခါတွင် သုံးသည်။

**Possessive Adjectives (ပိုင်ဆိုင်မှုပြနာမဝိသေသန)**

ပိုင်ဆိုင်မှုကို ဖော်ပြသော စကားလုံးများဖြစ်သည့်

- my (ကျွန်ုပ်၏)
- your (သင်၏)
- his (သူ၏)
- her (သူမ၏)
- its (၎င်း၏)
- our (ကျွန်ုပ်တို့၏)
- your (သင်တို့၏)
- their (သူတို့၏)
- their (သူမတို့၏)
- their (၎င်းတို့၏) တို့ကို Possessive Adjectives (ပိုင်ဆိုင်မှုပြနာမဝိသေသန)ဟု ခေါ်သည်။ ယင်းစကားလုံး များနောက်တွင် Noun (နာမ်) လိုက်ပြီး သုံးနိုင်သည်။ ဥပမာ–
- I forgot to bring **my** laptop and **my** camera.
- I shall come to **your** house tomorrow.
- We should respect **our** parents.
- The girls leave **their** umbrellas outside.

**Proper Adjectives (အမည်နာမဝိသေသန) သီးသန့်နာမဝိသေသန**

အမည်များကို Adjective (နာမဝိသေသန)အဖြစ် သုံးသောအခါ ၎င်းတို့သည် Proper Adjectives (အမည်နာမဝိသေသန) သီးသန့်နာမဝိသေသနများ ဖြစ်လာသည်။ Proper Nouns (သီးသန့်နာမ်များ–လူ၊ မြို့၊ နိုင်ငံ၊ အဖွဲ့အစည်း စတဲ့ သီးသန့်အမည်များ)ကနေ ဆင်းသက်လာပြီး၊ အခြား Noun(နာမ်)တစ်ခုခုကို အထူးပြုဖော်ပြပေးတဲ့ Adjective တွေကို Proper Adjectives လို့ ခေါ်ပါတယ်။ Proper Nouns တွေလိုပဲ Proper Adjectives တွေကို ရေးတဲ့အခါ အစစာလုံးကို အမြဲတမ်း စာလုံးကြီး (Capital Letter) နဲ့ ရေးရပါတယ်။ ဥပမာ–

- Foreigners who visit Myanmar admire the **Myanmar** dress.
- She bought a **Shan** bag and a **Kachin** longyi last month.
- Our grandparents visited the **Shwedagon** pagoda and the **Sule** pagoda.
- She drives an **American** car.
- We love **Japanese** food.
- He reads **Shakespearean** plays.
- They ordered **Italian** pizza.

Adjectives (နာမဝိသေသန)အကြောင်းပြောရင်း ဒီနေရာမှာ အလျဉ်းသင့်လို့ **own** နဲ့ **very** တို့ကို **Emphasizing Adjectives** လို သုံးနိုင်ပုံလေးတွေကို ပြောပြသွားပါမယ်။ အောက်ပါနမူနာဝါကျတွေကို လေ့လာကြည့်ရအောင်။

- I saw it with my **own** eyes.
- He was beaten at his **own** game.
- Mind your **own** business.
- He is his **own** master.
- That is the **very** thing we want.
- When all else left **my** cause.
- My very adversary took **my** part.

ဒီဝါကျတွေမှာတွေ့ရတဲ့ **own** နဲ့ **very** တို့ဟာ **Emphasizing Adjectives** တွေ ဖြစ်ကြပါတယ်။ ပြောချင်တဲ့အကြောင်းအရာကို ပိုပြီး လေးနက်အောင်၊ ပိုပြီးအဓိပ္ပာယ်ထင်ရှားအောင် လုပ်ပေးတဲ့အတွက် သူတို့ကို **Emphasizing Adjectives** လို့ပြောရတာပဲဖြစ်ပါတယ်။

နောက်တစ်ခါ **what** ကို တစ်ခါတစ်ရံမှာ **Exclamatory Adjectives** လိုမျိုး သုံးနိုင်ပါတယ်။ အောက်ပါ နမူနာဝါကျများကို လေ့လာကြည့်ရအောင်။

- **What** genius!
- **What** folly!
- **What** an idea!
- **What** a blessing!
- **What** a piece of work is man!

ဒီနေရာမှာ **What** ကို **Exclamatory Adjectives** လိုမျိုး သုံးထားတာတွေ့နိုင်ပါတယ်။ **Exclamatory Adjectives** ဆိုတာကတော့ ရုတ်တရက် အံ့သြတဲ့အခါမှာသုံးတဲ့ အာမေဋိတ်နာမဝိသေသနပဲ ဖြစ်ပါတယ်။

အပေါ်မှာဖော်ပြခဲ့တဲ့ နာမဝိသေသနတွေအပြင် **Noun၊ Verb+ ing၊ Verb + ed/en** တို့ကိုလည်း **နာမဝိသေသနလိုမျိုး**သုံးနိုင်သည်။ ဥပမာ–

- **door** bell
- **leather** shoes
- **rain** coat
- **fruit** cake
- **milk** pudding
- **setting** sun
- **boiling** water
- **boiled** water
- **boiled** egg
- **roasted** chicken
- **fallen** tree
- **broken** glass စသည်တို့ ဖြစ်ကြသည်။

## VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **behind someone's back = (နောက်ကွယ်တွင်၊ မျက်နှာကွယ်ရာတွင်)**
   **They talked behind my back.**
   သူတို့ ငါ့နောက်ကွယ်မှာ ပြောနေခဲ့တယ်။
2. **bend over backwards = (အစွမ်းကုန်ကြိုးစားသည်)**
   **She bent over backwards to help.**
   သူကူညီဖို့ အစွမ်းကုန်ကြိုးစားတယ်။
3. **best of both worlds = (နှစ်ခုလုံး၊ နှစ်မျိုးလုံး၏ အကျိုးကျေးဇူးရခြင်း၊ ကောင်းကွက်နှစ်စလုံးကို တစ်ပြိုင်နက်ရရှိခံစားခြင်း)**
   **Working from home gives me the best of both worlds – I can earn money and spend time with my family.**
   အိမ်ကနေ အလုပ်လုပ်ရတာ နှစ်ဖက်စလုံးရဲ့ ကောင်းကွက်ကို ရရှိစေတယ်––ပိုက်ဆံလည်းရှာနိုင်တယ်၊ မိသားစုကိုလည်း အချိန်ပေးနိုင်တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Shortest way to talk about online shopping–1 (အွန်လိုင်းကနေ ဈေးဝယ်တဲ့အခါမှာ ဘယ်လိုပြောမလဲ။)**

They have **a huge range** of clothes.
(ရွေးချယ်စရာ အများအပြားရှိသော)
The prices are very **reasonable**.
(သင့်တင့်မျှတသော)
Their customer service is a **nightmare.**
(ဆိုးသော)
The quality has been going **downhill.**
(ဆိုးသထက်ဆိုးလာသည်)
**Would you recommend it?**

၁။ အွန်လိုင်းမှာ ဈေးဝယ်တဲ့အခါမှာ ရွေးချယ်စရာတွေ အများအပြားရှိတယ်လို့ ပြောချင်ရင်တော့ **a huge range** ကိုသုံးပါတယ်။ ဒီမှာကတော့ ရွေးချယ်ဖို့ အဝတ်အစားတွေ အများကြီးရှိတယ်လို့ ပြောဆိုသုံးနှုန်းချင်တဲ့အတွက်

- They have **a huge range** of clothes. ဆိုပြီး ဖော်ပြထားပါတယ်။

၂။ နောက်တစ်ခါ ဈေးနှုန်းက အများကြီးမဟုတ်ဘဲ သင့်တင့်တယ်လို့ ပြောချင်ရင် **reasonable** ဆိုပြီး ပြောပါတယ်။ ဒီမှာကတော့ ဈေးနှုန်းက အလွန်သင့်တယ်လို့ ပြောချင်တဲ့အတွက်

- The prices are very **reasonable.** ဆိုပြီး ဖော်ပြထားပါတယ်။

၃။ တကယ်တော့ ဝန်ဆောင်မှု မကောင်းတာကို ပြောချင်ရင်တော့ **nightmare** ဆိုပြီး ပြောပါတယ်။ သူ့ရဲ့မူရင်းအဓိပ္ပာယ်က အိပ်မက်ဆိုးပါ။ ဒါပေမယ့် ဒီနေရာမှာကတော့ ဆိုးတယ်၊ ဝန်ဆောင်မှုမကောင်းဘူးဆိုပြီး အဓိပ္ပာယ်မှတ်ယူရမှာ ဖြစ်ပါတယ်။ ဒီမှာကတော့

Their customer service is a **nightmare.** ဆိုပြီး ဖော်ပြထားပါတယ်။

၄။ အရည်အသွေးက ဆိုးသထက်ဆိုးလာတယ်လို့ ပြောချင်ရင်တော့ **going downhill** နဲ့ သုံးပါတယ်။ ဒီမှာကတော့

The quality has been **going downhill.** ဆိုပြီး ဖော်ပြထားပါတယ်။

၅။ မင်းငါ့ကို အဲဒီ ….. ကို ထောက်ခံပေးနိုင်မလား ဆိုပြီး ပြောချင်ရင်တော့

- **Would you recommend it?** ဆိုပြီး ပြောနိုင်ပါတယ်။

**Conversation**

**I love buying clothes online**

**Carlos:** Hey–nice shirt!
**Joanne:** Thanks!
**Carlos:** Is it new?
**Joanne:** Yes, I bought it last week on Asos.
**Carlos:** I've heard of Asos, but I've never actually ordered anything from there. **Would you recommend it?**
**Joanne:** Yes, I think it's great. I use it at least once a month. They have **a huge range** of clothes and the prices are very **reasonable**. Some people say their customer service is a **nightmare**, but I've never had any trouble. Where do you shop for clothes if you don't use Asos?
**Carlos:** Well, I **used to shop** at Next, which is a shop I've always liked. Their clothes have always been quite expensive, but over the last two years the quality has been **going downhill**. So recently I started shopping at Zara. I think the clothes are much better **value for money**.
**Joanne**: OK, so **you would recommend** Zara as a good place to shop?
**Carlos:** Yes. **So far so good.** I only started using their website two months ago, mind you …

**Language Focus Point**

**Physical Shop**

I bought it **at** Walmart.
**at + shop**

**Online Shop**

I bought it **on** Amazon.
**on + website**

အပေါ်က စကားပြောပုံစံလေးတွေ လေ့လာပြီးသွားရင်တော့စကားပြောမှာသုံးထားတဲ့ စကားလုံးတွေ၊ ဝါကျတည်ဆောက်ပုံတွေကို သုံးပြီး အောက်က မေးခွန်းလေးတွေကို တတ်နိုင်သလောက် ကိုယ့်ဟာကိုယ် ပြည့်ပြည့်စုံစုံလေး ဖြေကြည့်ပါဦးနော်။

**1. What are some of your favourite websites for buying clothes online?**
I love buying clothes online. My favourite website is Asos because the prices are very reasonable, and their customer service is excellent.

**2. How often do you buy clothes online?**
I usually buy clothes online two or three times a month.

**3. Are there any websites you would recommend staying away from? Why?**
I would recommend staying away from Frox because the quality of the clothes has gone downhill recently.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။



## ဆီမီးဖိုင်နယ်တွင် ပဲဂူလာကို ရှုံးနိမ့်ခဲ့သောကြောင့် စင်စင်နတီအိုးပင်းပြိုင်ပွဲမှ ရှီယွန်တက်ခ် ထွက်ခွာ

နာမည်ကြီးပိုလန်တင်းနစ်မယ် အီဂါရှီယွန်တက်ခ်သည် စင်စင်နတီအိုးပင်းတင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အမေရိကန်ထိပ်တန်းတင်းနစ်မယ် ပဲဂူလာကို ၅-၇၊ ၆-၄၊ ၄-၆ ရလဒ်ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာရပြီဖြစ်သည်။

၎င်းသည် ယခုလအစောပိုင်းက ကျင်းပခဲ့သည့် နေရှင်နယ်ဘဏ်အိုးပင်းပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းပြီး ပြိုင်ဘက်တင်းနစ်မယ် ရီဘာကီနာကို ၆-၂၊ ၆-၃ ရလဒ်ဖြင့် အနိုင်ယူကာ ဖလားဆွတ်ခူးထားနိုင်သူ ဖြစ်သည်။

အသက် ၂၅ နှစ်အရွယ် ရှီယွန်တက်ခ်သည် ပြိုင်ပွဲတစ်လျှောက်တွင် ဆက္ကရီ၊ ပါရီ၊ ရီဘာကီနာတို့ကို ကျော်ဖြတ်နိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် ရှုံးနိမ့်ခဲ့သည့်အတွက် ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ၃၂ ဦးအဆင့်တွင် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် ဆာဘယ်လင်ကာကို အနိုင်ယူကျော်ဖြတ်ခဲ့သည့် ချက်ဇ်တင်းနစ်မယ် ဘောလက်သည်လည်း ဆီမီးဖိုင်နယ်တွင် ကိုကိုဂေါ့ဖ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

ယခုနှစ် စင်စင်နတီအိုးပင်းဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ်မယ်နှစ်ဦးဖြစ်သည့် ကိုကိုဂေါ့ဖ်နှင့် ပဲဂူလာတို့ အကြိတ်အနယ်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

■ မိုးဇက် - စုစည်းရေးသားသည်

## ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် မန်စီးတီးနှင့် ဘရိုက်တန်တို့ နိုင်ပွဲရ

ဩဂုတ် ၂၃ ရက် ည ၇ နာရီခွဲက အီတီဟက်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးနှင့် ဘုန်းမောက်အသင်းပွဲစဉ်တွင် ဂဗာဒီယိုလ်၏ နောက်ကျသွင်းဂိုးဖြင့် မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဘုန်းမောက်အသင်းသည် ပွဲချိန် ၂၆ မိနစ်တွင် ရရှိသော တောင်ပံတိုက်စစ်ကစားသမား တာဗာနီယာ၏ သွင်းဂိုးဖြင့် မန်စီးတီးအသင်းကို မိနစ် ၈၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့သည့် ဘရိုက်တန်နှင့် အက်စ်တွန်ဗီလာအသင်းပွဲစဉ်တွင် ဘရိုက်တန်အသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ် မိနစ် ၄၀ တွင် အက်စ်တွန်ဗီလာကွင်းလယ်ကစားသမား ဂိုမက်စ် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျှော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။




**မန်စီးတီးအသင်းဘက်သို့ ဦးဆောင်ဂိုးသွင်းယူပြီးနောက် တောင်ပံတိုက်စစ်ကစားသမား တာဗာနီယာ အောင်ပွဲခံစဉ်။**

### နောက်ဆုံးရ အားကစားသတင်းတိုများ

- ✓ အင်္ဂလန်တိုက်စစ်ကစားသမား အိုလီဝတ်ကင်စ်သည် အသင်းမှ ထွက်ခွာလိုကြောင်း အက်စ်တွန်ဗီလာအသင်းကို ပြောကြားထားသည်။ အဆိုပါ ကစားသမားကို ဆော်ဒီအာရေဗျကလပ် အယ်ဟီလယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ✓ စပိန်ဘယ်ခံစစ်ကစားသမား ဘဲလ်ဒီ (၂၂ နှစ်) သည် ဘာစီလိုနာအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည်။ ၎င်းကို မန်ယူအသင်းက ခေါ်ယူလိုနေသည်။
- ✓ ချယ်ဆီးက အသင်းမှ အသက် ၂၂ နှစ်အရွယ် ဂစ်တန်းအတွက် ရိုးမားအသင်း၏ အငှားခေါ်ယူကမ်းလှမ်းမှုကို ပယ်ချလိုက်သည်။
- ✓ အက်သလက်တီကိုမက်ဒရစ်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား အယ်ဗာရက်ဇ် (၂၆ နှစ်) သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်။
- ✓ စပါးက မန်စီးတီးမှ အီဂျစ်တိုက်စစ်ကစားသမား အိုမာ မာမွတ်ချ် (၂၇ နှစ်) ကို လာမည့် သီတင်းပတ်အတွင်း အပြီးသတ်ခေါ်ယူနိုင်မည်ဟု ယုံကြည်နေသည်။

PREMIER LEAGUE – ROUND 1

ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီခွဲမှာ ပရီမီယာလိဂ်ပွဲစဉ် (၁) မှ ဖူလ်ဟမ်နှင့် ချယ်ဆီးအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နည်းပြအပြောင်းအလဲ၊ ကစားသမားအပြောင်းအလဲ အများအပြားပြုလုပ်ထားတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် လက်မလွှတ်တမ်းစောင့်ကြည့်ရမယ့်ပွဲ ဖြစ်ပါတယ်။

## အိမ်ကွင်းကစားပုံမာကျောတဲ့ ဖူလ်ဟမ်ကို ချယ်ဆီးနိုင်ပွဲရဖို့ မလွယ်ဘူး



**ဖူလ်ဟမ် VS ချယ်ဆီး**

အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံး ရလဒ်ကောင်းရရှိရေး အားစိုက်ကစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ ချယ်ဆီးက ရော်ဂျာစ်၊ ဝဲလ်ဘတ်၊ လားခရော့စ်အပါအဝင် ထိပ်တန်းအဆင့် ကစားသမားတွေ အများအပြား ခေါ်ယူအားဖြည့်ထားတာကြောင့် မဖြစ်မနေနိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာ သေချာတယ်။ သို့သော်ငြား ဒီနှစ်သင်းတွေ့ဆုံတိုင်း အကြိတ်အနယ်ရှိပြီး အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတာကို သတိပြုရမယ်။ အိမ်ကွင်းကစားပုံမာကျောတဲ့ ဖူလ်ဟမ်ကို ချယ်ဆီးအနိုင်ရဖို့ မလွယ်ဘူး။



■ စောင့်ကြည့်ရမယ့် ကစားသမား

**ဝွန်ဇာလို ဂါစီယာ**

- တိုက်စစ်လမ်းကြောင်း ပုံဖော်မှု ကောင်းမွန်ခြင်း။

**ဖူလ်ဟမ်နဲ့ ချယ်ဆီးတို့ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးကြိမ်**

| | | | |
|---|---|---|---|
| ဖူလ်ဟမ် | ၂-၁ | ချယ်ဆီး | ပရီမီယာလိဂ် |
| ချယ်ဆီး | ၂-၀ | ဖူလ်ဟမ် | ပရီမီယာလိဂ် |
| ဖူလ်ဟမ် | ၁-၂ | ချယ်ဆီး | ပရီမီယာလိဂ် |

■ စောင့်ကြည့်ရမယ့် ကစားသမား

**မော်ဂန် ရော်ဂျာစ်**

- စွယ်စုံရတိုက်စစ်စွမ်းရည်ရှိပြီး ဂိုးသွင်းပါးနပ်မှုရှိခြင်း။

## လိုင်လီကစားသမား ဘူအာဒီကို ပေါင် ၈၅ ဒသမ ၆ သန်းဖြင့်ခေါ်ယူရန် မန်စီးတီးသဘောတူညီမှုရရှိ

မန်စီးတီးအသင်းသည် လိုင်လီအသင်းမှ အသက် ၁၈ နှစ်အရွယ် အာယွတ်ဘ်ဘူအာဒီကို ပြောင်းရွှေ့ကြေး ပေါင် ၈၅ ဒသမ ၆ သန်းဖြင့် ခေါ်ယူစာချုပ်ရန် မူအားဖြင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ဘာစီလိုနာသို့ ကွင်းလယ်ကစားသမား ရိုဒရီကို ပေါင် ၆၅ သန်း၊ ရိန်ဒါးစ်ကို ဆော်ဒီအာရေဗျကလပ် အယ်ကတ်စီယာသို့ ပေါင် ၅၂ သန်းဖြင့် ရောင်းချပြီးနောက် ဗဟိုကွင်းလယ်ပိုင်းဖြည့်တင်းမှုကို ဦးစားပေးလုပ်ဆောင်နေခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ဘူအာဒီအပြင် ချယ်ဆီးကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။



ဘူအာဒီသည် လိုင်လီအသင်းတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ပွဲထွက်ကစားပြီးနောက် ပွဲပေါင်း ၈၈ ပွဲ ပါဝင်ကစားထားသူ ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် လိုင်လီအသင်းကို လီဂူးဝမ်းအဆင့် (၃) ဖြင့် ရာသီပိတ်သိမ်းနိုင်အောင် ကူညီပေးထားနိုင်သည်။

## စီးရီးအေ အဖွင့်ပွဲစဉ်တွင် နာပိုလီ ဂိုးပြတ်နိုင်ပွဲရပြီး ပါးမားအသင်း ရှုံးပွဲကြုံ

အီတလီစီးရီးအေ အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၃ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဂျီနိုအာနှင့် နာပိုလီအသင်းပွဲစဉ်တွင် နာပိုလီအသင်းက ဒီဘရိုင်း၊ ဗာဂါရာတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

နှစ်သင်းကြား ခြေစွမ်းကွာဟမှု မရှိဘဲ အဆုံးသတ်သေချာသည့် နာပိုလီအသင်းက နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဂျီနိုအာအသင်းသည် နာပိုလီနှင့်တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားသည့်အစဉ်အလာကို ချေဖျက်နိုင်ခြင်းမရှိဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့သည့် ပါးမားနှင့် ကက်ဂလီယာရီအသင်းပွဲစဉ်တွင် ကက်ဂလီယာရီအသင်းက ရိုမာနို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ပါးမားအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ဖန်တီးနိုင်ခဲ့သော်လည်း သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။



# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၃**

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ပြုလုပ်ရာ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များနာကြားကြသည်။



ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မျိုးအောင်လတ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများအား တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံ ကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိနှင့် ဆရာတော် သံဃာတော်များထံ စစ်ရေးချုပ်မှ ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၉ ကျောင်း၊ သီလရှင်ကျောင်း ကိုးကျောင်းနှင့် သဒ္ဒါမိကဘိုးဘွားရိပ်သာတို့အတွက် လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၄၂၉ သိန်း သုံးသောင်း ခြောက်ထောင်ကျပ်၊ ဆန် ၅၆၇ အိတ်၊ ရှစ်ပြည်၊ ဆီ ၁၆၇ ပိဿာ ၈၀ ကျပ်သား၊ ဆား ၁၆၇၈ ပိဿာ၊ ပဲ ၁၆၇၈ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၂၂၄၁ ဘူး၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်း၊ ဘာဘမားကော်ဖီ ငါးဖာ၊ ရုပ်အချိုရည် တစ်ဖာတို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၂၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုဆိုင်ရာနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ON-LINE SCAM) များကို ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ စနစ်တကျ အစီအစဉ်ချ၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖော်ထုတ်ဖမ်းဆီးနိုင်**

ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လုံခြုံရေးပူးပေါင်းအဖွဲ့များက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၂၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ကောင်းမှုလွယ်နယ်မြေရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ




ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၂၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၀ တို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။




တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား တစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး နှစ်ဦး၊ စုစုပေါင်း ၂၀ တို့အား ဖုန်းမျိုးစုံ ၇၇ လုံး၊ All In One ကွန်ပျူတာ သုံးလုံး၊ Laptop တစ်လုံး၊ အခြား လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်သူလယ်သမားများ သီးနှံအာမခံဆိုင်ရာအကာအကွယ်ပိုမိုရရှိစေရေး ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၃**

သီးနှံအာမခံဆိုင်ရာ ကိစ္စရပ်များနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် အာမခံအကာအကွယ် ပိုမိုရရှိစေရေးအတွက် ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီနှင့် တောင်သူလယ်သမားဘဝမြှင့်တင်ရေးပေါင်းစည်းအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းသန့်က ယခင်ကဆောင်ရွက်ခဲ့သည့် သီးနှံအာမခံလုပ်ငန်းများ၏ အခြေအနေများ၊ အာမခံ အကာအကွယ်ပေးနိုင်မှု အတွေ့အကြုံများနှင့် ရှေ့ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တောင်သူလယ်သမားဘဝမြှင့်တင်ရေးပေါင်းစည်းအသင်း ဥက္ကဋ္ဌ ဦးသက်ဇော်က တောင်သူလယ်သမားများအနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် သီးနှံစိုက်ပျိုးချိန်တွင် သီးနှံစိုက်ပျိုးရေးအာမခံ အကာအကွယ်မရရှိခြင်းနှင့် သီးနှံထွက်ရှိချိန်တွင် သီးနှံဈေးနှုန်းအာမခံ အကာအကွယ် မရရှိခြင်းတို့ဖြစ်ကြောင်း၊ အဆိုပါအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အာမခံလုပ်ငန်းကဏ္ဍမှ ပိုမိုထိရောက်သည့် အကာအကွယ်များပေးနိုင်ရေးကို အဓိကထား ဆွေးနွေးကြသည်။



အဆိုပါ တွေ့ဆုံဆွေးနွေးမှုမှ တစ်ဆင့်တောင်သူလယ်သမားများအတွက်တောင်သူလယ်သမားဘဝမြှင့်တင်ရေး ပေါင်းစည်းအသင်းဘက်မှ ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ (MOU) ချုပ်ဆို၍ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် ကမ်းလှမ်းခဲ့သည်။ **သက်ထက်**

ဥပဒေ
ဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

**IN THE MATTER OF**
**MYANMAR TA NYAUNG SOLAR POWER COMPANY LIMITED**
**[Under Section 156 of the Insolvency Law & Rules 9 & 32 of the Insolvency Rules]**

**Notice of holding the Creditors' Meeting**

Notice is hereby given that the Creditors' Meeting of Myanmar Ta Nyaung Solar Power Company Limited (Company Registration Number: 128740627) will be convened via online at the meeting link, **https://tinyurl.com/4jtrs6aw** on **September 4, 2026 at 9:30 a.m** in compliance with Section 156 of the Insolvency Law, for the following purposes:

1. To appoint one or more liquidators (Insolvency Practitioners) for the purpose of winding-up the company's affairs and distributing its assets according to Section 158 (a) of the Insolvency Law; and
2. To appoint, if the creditors think fit, a Creditors' Committee to exercise the functions conferred on it by or under the Insolvency Law according to Section 190 (a) of the Insolvency Law.

It is also notified that the prescribed Proof of Debt or Claim Form to prove and claim their debts at the above Creditors' Meeting and a Proxy Form for appointment of proxy by a creditor to attend and vote on behalf of the creditor at the above Creditors' Meeting have been sent to the creditors according to Rule 31 (c) of the Insolvency Rules.

U Han Thein Lwin
Director
Myanmar Ta Nyaung Solar Power Company Limited

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြောက်)၊ လူနေရပ်ကွက်အမှတ် (၁၀)၊ လယ်ယာ (၁)လမ်း၊ မြေကွက်အမှတ် (၁၁၊ အကျယ်အဝန်း (၆၀ပေ × ၁၂၀ပေ)ရှိ ဦးသိန်းဖံ (၁၂/သကတ (နိုင်) ၁၅၄၅၂၇) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးသိန်းဖံ ထံမှ ကျွန်တော် ဦးခင်မောင်ချို (၁၂/လသန (နိုင်) ၀၂၀၄၄၃)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်မောင်ချို (၁၂/လသန (နိုင်) ၀၂၀၄၄၃)
၀၉- ၅၁၇၈ ၁၁၈

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/83404, Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်နဒီအောင် ၉/မဟမ (နိုင်)၀၅၉၉၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/76060 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာထွန်း ၉/တသန(နိုင်) ၁၁၂၂၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/10952 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်အေး ၉/မခန(နိုင်) ၂၁၂၄၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅) ရပ်ကွက်၊ သိင်္ဂီ(၂)လမ်း၊ မြေကွက်အမှတ်(၆၅)တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၆)ထပ်တိုက်ရှိ အကျယ်အဝန်း အလျား(၁၈)ပေxအနံ(၅၄)ပေရှိသော ပဉ္စမထပ် (၆)လွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးဖြိုးမင်းဟိန်း (၁၂/သကတ(နိုင်)၁၆၃၁၇၃)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစည်သူအောင် (၁၂/ဆကခ(နိုင်)၀၂၀၃၀၅)၊ ဒေါ်နှေးအိမ့်ဖြူ (၁၂/မဂတ(နိုင်)၀၉၄၂၉၄)တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူအောင်၊ ဒေါ်နှေးအိမ့်ဖြူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး(LL.B, D.B.L, D.I.L, WIPO DL-101 Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
ဖုန်း - ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/26049, Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးဇော် ၇/ပမန(နိုင်) ၁၅၈၂၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**


**အမှန်တကယ်**
**ကြည့်မည့်**
**အချိန်၌သာ**
**တီဗွီကိုဖွင့်ပါ**
**ကြည့်သူမရှိဘဲ**
**အချိန်ပြည့်**
**ဖွင့်ထားခြင်းကို**
**ရှောင်ကြဉ်ပါ**


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/17725, ယာဉ်လက်ဝယ်ရှိသူ ဦးဗိုလ်ဗိုလ်ဝင်း ၇/ပခန(နိုင်)၄၀၉၀၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/2888, ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဦးဇော် ၁၂/ကမတ(နိုင်)၀၆၄၃၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**
**မုံရွာမြို့နယ်တရားရုံး**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှု အမှတ်-၁၃**

| | | |
|---|---|---|
| ဒေါ်ခင်လုံး | နှင့် | ၁။ ဦးကျော်မိုး<br>၂။ဦးကျော်စိုး<br>၃။ ဒေါ်လှလှဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆင်ရန်ကျေးရွာနေ (၂) တရားပြိုင် ဦးကျော်စိုး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်လုံးက (၆-၁၂-၂၀၂၅)ရက်က ချုပ်ဆိုခဲ့သော နေအိမ်နှင့် ဝင်းမြေကွက်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် နေအိမ်ဝင်းမြေအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၇ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်ဦးပြည့်စုံ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မုံရွာမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (၅၉၀/၁)၊ ဦးပိုင်အမှတ် (၂-က)၊ ဧရိယာ (၃ဒသမ၉၂၅)ဧကနှင့် ဦးပိုင်အမှတ် (၂-ခ)၊ ဧရိယာ (၁ဒသမ၆၀၈) ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၁၂)၊ အလွှာ (၈)၊ အခန်းအမှတ် (၈၀၂+၈၀၃)၊ (၁၂၁၀)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းသည် ဒေါ်ယဉ်မွန်လွင် အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်မှု အထောက်အထား ရရှိထားသော တိုက်ခန်းဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအား ဝယ်ယူခဲ့စဉ်အခါက ပါရှိခဲ့သော ဒေါ်မေရင်(ခ) ဒေါ်သန်းသန်းအေး နှင့် ဦးစိုင်းမောင်ထွန်း၊ ဒေါ်နန်းမြစိန်တို့ ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်မှာ ဒေါ်ယဉ်မွန်လွင်၏ လက်ဝယ်တွင် အသိမ်းဆည်းလွန်၍ ပျောက်ဆုံးသွားခဲ့ပါသည်။

ယခုအခါ အထက်ဖော်ပြပါ တိုက်ခန်းအား ဒေါ်ယဉ်မွန်လွင်မှ ရောင်းချခဲ့ပြီး ရောင်းကြေး စရန်ငွေများ လက်ခံရရှိခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကြည်ကြည်ဝင်း** | **ဒေါ်ပွင့်ရည်ဦး (ခ) ချောချော** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**လမ်း ၆၀၊ ၂၇x၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၂၆၈၅၊ ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇၊ ၀၉-၇၇၄၄၈၁၅၄၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/23061, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလွှမ်းမိုးအောင် ၁၄/ကကန(နိုင်)၁၆၉၈၁၆ က ဖောင်းကြွနံပါတ်ပြားပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/83236 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဆွေ ၉/မခန(နိုင်) ၁၁၈၈၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25U/4143, Bajaj RE 205 D(200CC) 3W Vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မြတ်ငြိမ်း ၈/ဆပဝ (နိုင်) ၁၅၃၂၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23U/4970, Bajaj RE 205 D(200CC) 3W Vehicle ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ခိုင် ၇/ပမန(နိုင်) ၁၃၀၁၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**


**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင်**
**ကြော်ငြာစို့**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

**၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်**
**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်**

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး (၁၈၈)ဦး ရာထူးနေရာအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ ဝန်ထမ်း (၁၈၈) ဦး ရွေးချယ်ခန့်ထားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) တွင် ကနဦးလစာကျပ် ၁၈၀၀၀၀/- ဖြင့် စတင်ခန့်ထားမည်ဖြစ်ပြီး ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- (ဃ) ၃၁-၇-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၉)နှစ် ထက်မကျော်စေရ၊ ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပုံစံ(၁၂)လက်မှတ်ရရှိသူများဖြစ်ပါက အသက် (၃၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက် (၃၅) နှစ်ထက်မကျော်စေရ)
- (င) အမျိုးသားဝန်ထမ်းလောင်းသည် အရပ် ၅ ပေ ၃ လက်မ နှင့် ကိုယ်အလေးချိန် ပေါင် (၁၁၀)ထက်မနည်းရ။ (BMI အချိုးနှင့် ကိုက်ညီရမည်)
- (စ) အမျိုးသမီးဝန်ထမ်းလောင်းသည် အရပ် ၅ ပေ ၁ လက်မ နှင့် ကိုယ်အလေးချိန် ပေါင် (၉၀) ထက် မနည်းရ။ (BMI အချိုးနှင့် ကိုက်ညီရမည်)
- (ဆ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဇ) အိမ်ထောင်မရှိသူ လူပျို/ အပျို ဖြစ်ရမည်။ (ဌာနတွင်းမှဝင်ရောက်ဖြေဆိုမည့် ဝန်ထမ်း များနှင့် သက်ဆိုင်မှုမရှိစေရ)
- (ဈ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်ရမည်။

၄။ လျှောက်လွှာပုံစံအား တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း/မြောက်ပိုင်း)များတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်-
- (က) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)
- (ခ) ပညာရေးဝန်ကြီးဌာနအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်မိတ္တူ
- (ဃ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (စ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက် (လူပျို/အပျို ဖြစ်ကြောင်း ကာယကံရှင်၏ ဝန်ခံကတိပူးတွဲတင်ပြရမည်)
- (ဆ) လျှောက်လွှာမတင်မီ ရက်သတ္တပတ်နှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့/ရဲစခန်း ထောက်ခံချက်(မူရင်း)နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်(မူရင်း)
- (ဇ) ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက်

၅။ အစိုးရဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများဝင်ရောက်ဖြေဆို ခွင့်မပြုပါ။ (အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူး ခန့်ထားခြင်း အမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ)

၆။ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်ရန်အတွက် ဒေသခံတိုင်းရင်းသားများအား ဦးစားပေး ရွေးချယ်ပါမည်။

၇။ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ကွန်ပျူတာကျွမ်းကျင်သူများ ဦးစားပေးရွေးချယ်ပါမည်။

၈။ လျှောက်လွှာများကို ၈-၉-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ ဒုတိယ ပြည်နယ်ဦးစီးမှူးရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း/မြောက်ပိုင်း)များတွင် လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

၉။ အင်္ဂလိပ်စာရေးဖြေအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖြေဆိုရမည်။ ရေးဖြေအောင်မြင်ပါက ကွန်ပျူတာနှင့် လူတွေ့နှုတ်ဖြေအား ပြည်ထောင်စုဝန်ကြီးရုံး၊ နေပြည်တော်၊ ရုံးအမှတ် (၄၈)တွင် ဖြေဆိုရမည်။ ဖြေဆိုမည့်နေ့ရက်နှင့် အစီအစဉ်တို့အား ဝန်ကြီးဌာန၊ ရုံးအမှတ် (၄၈)နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း/မြောက်ပိုင်း)များတွင် ကြေညာပေးပါမည်။ ဝန်ကြီးဌာန၏ Website www.mip.gov.mm တွင် ဖော်ပြထားပါမည်။

၁၀။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး၊ရှမ်းပြည်နယ်(အရှေ့ပိုင်း/မြောက်ပိုင်း)များသို့ဖြစ်စေ၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၁၂၇၉၊ ၀၆၇-၄၃၁၀၀၂၊ ၀၆၇-၄၃၁၀၁၃ များသို့ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။




## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၈)၊ မြေကွက်အမှတ် (၂၇/က)(ခြေရင်းခြမ်း)၊ အကျယ်အဝန်း(၁၀ ပေx ၆၀ပေ)ရှိ (အရပ်အခေါ်အမှတ် (၂၇/က)(ခြေရင်းခြမ်း)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်) ဟုခေါ်တွင်သော ဦးအောင်ဟန် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောင်အပါအဝင် ရေ+မီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဥပဒေနှင့်အညီဝယ်ယူထားပြီး မိမိသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မြတ်နွယ် (၅/ကနန(နိုင်)၀၁၂၆၂၅)ထံမှ ကျွန်တော် ဦးသန်းဇော်လွင် (၈/ခမန(နိုင်)၁၅၃၃၆၁)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါမြေနှင့် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/ စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဇော်လွင် ၈/ခမန(နိုင်)၁၅၃၃၆၁**
**အမှတ် (၄၇၆/ခ)၊ မင်းတပ်(၁)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၆၉၅၈၃၃၂၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၅)လမ်း၊ မြေကွက်အမှတ် (စီ-၅၂) ဟုခေါ်တွင်သော အလျား x အနံ ပေ (၄၀ x ၆၀) အကျယ်ရှိ ဦးထွန်းမြင့် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နှင်းယုလှိုင်(ဘ) ဦးအေးသွင် (၁၄ /ဟသတ(နိုင်)၂၁၉၄၇၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးရွှေ (ဘ)ဦးတင်အောင်(၉/ရမသ(နိုင်)၁၀၉၉၅၃)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL. B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈)** | **(LL.B, DIPL) (စဉ်-၁၈၇၂၆)** | **(LL. B, DBL) (စဉ်-၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း - ၀၉- ၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ မြေကွက်အမှတ်(၂၃၀/က)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းလှ (HGU-၁၀၉၃၈၂)အမည်ဖြင့်တည်ရှိနေသည့် ပါမစ်မြေအမျိုးအစား မြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်မြတ်မိုးနိုင်(၁၃/တကန(နိုင်)၀၉၇၄၉၃) နှင့် ဒေါ်မေလပြည့်နှင်း(၁၃/တကန(နိုင်)၁၃၇၇၈၇)တို့နှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဝင်း(၈/ရစက(နိုင်)၀၈၃၄၆၈) သည် အထက်ဖော်ပြပါ မြေကွက်အား ဝယ်ယူရန်အတွက် (၂၀-၈-၂၀၂၆)ရက်တွင် အရောင်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်ကိုအောင် (LL.M) အထက်တန်းရှေ့နေ(စဉ်-၄၄၄၁၆)**
**အမှတ်-၂၂၊ မာန်ပြေ(၆)လမ်း(အရှေ့)၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၆၄၅၅၅၁၁၊ ၀၉-၉၅၈၃၇၁၈၉၇**

## ဖောင်းကြွနံပါတ်ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/7103 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ သံပုရာပင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ Grade-7 တက်ရောက်နေသော မောင်ဇေယျာအောင်၏ ဖခင် ဦးဝင်းအောင်၏ အမည်မှန်မှာ ဦးလေးဝင်း ၈/ပခက(နိုင်) ၂၂၃၃၇၈ ဖြစ်ပါကြောင်း။

**ဦးလေးဝင်း ၈/ပခက(နိုင်)၂၂၃၃၇၈**

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃-ခ၊ မြေမြင့်ရပ်)၊ ဦးပိုင်အမှတ်(၆၁-ဈ)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေကွက်သည် မူလက ပြည်နယ်/မြို့နယ်ကျန်းမာရေးဦးစီးဌာနမှလက်ရှိပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပြီး၊ ဒေါက်တာ ဦးလှအောင်(ဆေးရုံအုပ်ကြီးအထွေထွေရောဂါကုဆေးရုံကြီး)ထံမှ ဦးကံချွန်က( ၁၄-၃-၂၀၀၃)ရက်တွင် ဦးသန်းလှိုင်ထံမှ ဒေါ်မေချိုစိမ်းက(၇-၅-၂၀၁၁)ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်ဖြင့်လည်းကောင်း၊ ဒေါ်မေချိုစိမ်းထံမှ ဒေါ်စွဲ့ဖရွှေက (၄-၄-၂၀၁၄) ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့်လည်းကောင်း၊ ဒေါ်စွဲ့ဖရွှေထံမှ ဒေါ်ခမ်းဇင် က (၁၀-၁၁-၂၀၂၁)ရက်စွဲပါအိမ်ခြံမြေ နှစ်ဦးသဘောတူအရောင်းအဝယ် ကတိစာချုပ်ဖြင့်လည်းကောင်း အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဒေါ်ခမ်းဇင်၊ ၁/ပတအ(နိုင်)၀၄၅၂၇၇အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ( ၁၉.၅.၂၀၂၆)ရက်စွဲပါကျမ်းကျိန်ဆိုလွှာအမှတ်(၃၆၄/၂၀၂၆) ကို(၂၂-၅-၂၀၂၆) ရက်စွဲပါကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ်(၂၇၉/၂၀၂၆) ပြုဆိုတင်ပြလျှောက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်းယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ် ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၃/၅၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၁၅/၁)၊ မြေဧရိယာ(၀.၇၂၈)ဧကရှိ မြေကွက်သည် မူလက ဒေါ်ခေါန်လွမ်းအမည်ဖြင့် (၂၃-၄-၂၀၄၃) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည်ပေါက်သူဒေါ်ခေါန်လွမ်းမှာ (၉-၃-၂၀၂၀)ရက်တွင် လည်းကောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူဦးအီးဇက်မှာ(၁၅-၁၁-၁၉၈၆)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် ဦးခေါဘောမ်၊ဒေါ်ခေါဝင်း၊ ဦးခေါယိန်းတို့သားသမီး(၃)ဦးတည်းသာ ထွန်းကားခဲ့ရာ(၁၉-၁-၂၀၁၇)ရက်စွဲပါ ဒေါ်ခေါန်လွမ်း၏ နောက်ဆုံးသေတမ်းစာ ပဋိညာဉ်ဖြင့် မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၂၀-၁-၂၀၁၇)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၁/၂၀၁၇)အရလည်းကောင်း၊ (၆-၂-၂၀၂၅)ရက်စွဲပါ မြစ်ကြီးနားခရိုင် တရားရုံး၏ သေတမ်းစာအတည်ပြု လက်မှတ်အရလည်းကောင်း ဦးပိုင်(၁၅/၁က)၊ မြေဧရိယာ (၀.၂၉၀)ဧကအပိုင်းကို ဦးခေါဘောမ်ထံသို့ပေးအပ်ခဲ့သဖြင့် ဦးခေါဘောမ်မှ (၂၅-၅-၂၀၂၆) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၂၉၁/၂၀၂၆)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးခေါဘောမ် ၁/မကန(နိုင်)၀၁၉၄၈၁ အမည်ဖြင့် ဦးပိုင်ခွဲအမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကွက်သစ်၊ လ.က.ရ နယ်မြေ၊ ယုဇနလမ်းနှင့် သစ္စာလမ်းကြား၊ လမ်းသွယ်(၃)ပေါ်ရှိ (ပေ ၃၀x ပေ ၄၀)အကျယ်ရှိသည့် မြေကွက်အမှတ် (၈၂)နှင့် (ပေ ၃၀ x ပေ ၄၀)အကျယ်ရှိ မြေကွက်အမှတ် (၈၃)၊ စုစုပေါင်းမြေကွက်(၂)ကွက်နှင့် လျှပ်စစ်မီတာ ဆက်လက်အသုံးပြုခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတင်မိုးဇော်၊ ဦးနေအောင်၊ ဒေါ်အေးအေးစိုး၊ ဦးဇော်ထွန်း၊ ဒေါ်ဌေးဌေးစိုးတို့မှ ၎င်းတို့အနေဖြင့် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ထံတွင် လွှဲပြောင်း/ ရောင်းချ/ ပေါင်နှံ/ပေးကမ်း/ လှူဒါန်းထားခြင်း လုံးဝမရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ရောင်းချရန်အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်တော် ဦးကျော်ကျော်မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ကျော် ၉/ပဥလ(နိုင်)၁၀၂၄၅၃**
**ရပ်ကွက်ကြီး(၂၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၀၄၃၆၈၅၇**

## "အသိပေးကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၅-ခ)၊ ဧရိယာ (၁၅x၄၀) ပေ အကျယ်အဝန်း မြေကွက်အား ဒေါ်စောထီအမည်ဖြင့် မြို့ကွက်သစ်တိုးချဲ့ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးခဲ့သော မြေကွက်ဖြစ်ပါသည်။ ထိုမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးရန်အောင်(၅/ရဥန(နိုင်)၀၅၁၃၉၆၄)မှ (၂၇-၆-၂၀၁၆)ရက်တွင် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့ပြီး ယနေ့အချိန်ထိ လက်ရောက်ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်၏ ဂရန်အမှုတွဲအမှတ်(၀၆၄၁/၉၆-၉၇)စာရွက်မူရင်းမှာ အထားမှား၍ ပျောက်ဆုံးသွားပါသဖြင့် အဆိုပါဂရန်စာရွက်မူရင်းအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနတွင် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ထိုက်တင်ဝါကျော်(LL.B )** | **ဒေါ်အိမ့်အိမ့်သက် (LL.B )** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |
| **စဉ်-၁၄၆၈၃/၂၀၁၈** | **စဉ် - ၅၂၀၅၃/၂၀၁၉** |

**၃၃လမ်း ၊ ၆၃x၆၄လမ်းကြား ၊ ချမ်းအေးသာစံမြို့နယ် ၊ မန္တလေးမြို့။**
**ဖုန်း- ၀၉-၂၅၇၁၀၁၂၁၁၊ ၀၉ -၆၇၄၈၀၅၁၅၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

သင့်အပေါ်၌ တရားလို ဦးကျော်မြင့်(ခ)ဆာ၀ရီမူတူး က ပဋိညာဉ်အတိုင်း အရောင်းအ၀ယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုအရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် (၁၃၈၈ ခုနှစ်၊ ၀ါခေါင်လဆုတ် ၆ ရက် ) ကြာသပတေးနေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ် လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်မိုး)
မြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

## ငွေးချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉၇

ဦးနေကိုဦး နှင့် ဦးကြိုင်
တရားလို တရားပြိုင်

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၇၁x၇၂လမ်း၊ ၁၁၈x၁၁၉ လမ်းကြား၊ ဇော်ဂျီလမ်းနေ ဦးကြိုင်(ဘ)ဦးသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနေကိုဦးက မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ္ဌ-၇)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အ၀န်းရှိ ဦးကြိုင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၂၀x၆၀)ပေ အကျယ် အ၀န်းရှိ မြေကွက်အား အရောင်းအ၀ယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် (၁၃၈၈ ခုနှစ်၊ ၀ါခေါင်လဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်၊

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ၀ယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၂၂/မမ/CE | No.8 Simple Turnouts (JIS 50 N)(Complete Set) 2 Sets ၀ယ်ယူရန် |
| ၂ | ၃၂၃/မမ/CE | No.12 Simple Turnouts (JIS 50 N)(Complete Set) 2 Sets ၀ယ်ယူရန် |
| ၃ | ၃၂၄/မမ/CE | No.10 Scissor Crossing (JIS 50N,5.45m)(Complete Set) 2 Sets ၀ယ်ယူရန် |
| ၄ | 15(T)4/MR(E) | ရန်ကုန်-ပြည် လမ်းပိုင်း၊ ဥက္ကံ-ဖီးကုန်းကြား (၆၃)မိုင်အား (၉)ချောင်း ဆက်သံလမ်း ဂဟေဆက်ခြင်းလုပ်ငန်း (နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၇.၉.၂၀၂၆) နေ့လည် (၂:၃၀) နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၂၄.၈.၂၀၂၆) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ၀ယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၈)၊ မြေကွက်အမှတ်(၂၁၉-က)၊ ရွှေဟင်္သာလမ်း၊ ဦးထွန်းအေး အမည်ပေါက် မြေချပါမစ်(၂၀x၆၀)ပေရှိ မြေနှင့်နေအိမ်၊ ရေ၊ လျှပ်စစ်မီတာ အား အရောင်းအ၀ယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ ရေ၊ လျှပ်စစ်မီတာအား ဆက်စပ်စာချုပ်ဖြင့် ၀ယ်ယူ ပိုင်ဆိုင်သူ ဦးဇင်ကိုကို ၁၂/ရပသ(နိုင်) ၁၂၄၃၄၄ က အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာရာ ဒေါ်နန်းသီတာ၃/လဘန (နိုင်) ၀၉၈၆၅၈မှ အပြီးအပိုင်၀ယ်ယူရန် ရောင်းဖိုးငွေအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအ၀ယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်လိုသူများက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာချုပ်မူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းထွန်း(B.Sc, H.G.P, D.B.L, D.M.L)အထက်တန်းရှေ့နေ(စဉ်-၁၀၆၁၆)**
**ဖုန်း-၀၉-၅၁၈၃၃၂၆**

## ငွေးချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)

ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၇၉

ဒေါ်နွယ်နွယ်ဦး နှင့် ဒေါ်ဟန်နွဲ့
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၃/၅၄)၊ ၁၁၅ လမ်းနှင့် ၅၁ လမ်းနှင့် ၅၂ လမ်းကြား နေ ဒေါ်ဟန်နွဲ့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်နွယ်နွယ်ဦးက "မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဖ-၁၇)၊ ဦးပိုင်အမှတ် (၁၀)၊ ဧရိယာ(၀.၀၂၇၅) ဧက အကျယ်အ၀န်းရှိ ဒေါ်ဟန်နွဲ့ အမည်ပေါက် ဂရန်မြေကွက်နှင့် ပတ်သက်၍ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ ၀ါခေါင်လဆုတ် ၁၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက် ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလို သည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှမျိုးလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၄၊ ဦးပိုင်အမှတ် ၈၈/၅၁x၅၂ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဦးဂျွန်ဟော အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးဂျွန်ဟော၊ မိခင် ဒေါ်မြ၀င်းတို့ ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောသမီး ဒေါ်ဂျွန်လူးလူး ၉/မဟမ(နိုင်) ၀၀၃၇၇၉ က ၂၄၀၀ိ/-၄၀၀၀ိ/-ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇ၀င်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက (မုရစ်ကလေး) ကျောင်း Grade-12(A)မှ (ဘ)ဦးမြင့်ထွန်း၏သမီး မိလဲ့လဲ့ထွန်း၏ အမည်မှန်မှာ မိခင်လဲ့လဲ့ထွန်း ၃/လဘန(နိုင်)၃၁၇၆၄၉ ဖြစ်ပါကြောင်း။

**မိခင်လဲ့လဲ့ထွန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက် အမှတ် (ဒ-၃၁၀၀၅၊ ဒ-၃၁၀၀၆)၊ မြေဧရိယာ (၀.၂၉၃) ဧကရှိဒေါ်ခင်မို့မို့(ဘ)ဦးသာမှို ၁၄/ပသန(နိုင်)၀၁၆၃၄၉ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်မို့မို့ မှ ဦးစိုး၀င်း(ဘ) ဦးဖွဲ့မောင် ၁၂/မဂတ(နိုင်) ၀၃၅၅၆၁၊ ဦးအောင်ကျော်မိုး (ဘ) ဦးကျော်စိန် ၁၂/ရကန(နိုင်)၀၁၄၁၅၅ နှင့် အရောင်းအ၀ယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇ၀င်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား၀င်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇ၀င် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း ၇+၈)၊ ဦးပိုင်အမှတ်(၁၂၄)၊ ၆၉ လမ်းနှင့် မဟာမြိုင်ကျောင်းတိုက်ကြား၊ ၄၀x၄၁ လမ်းကြားရှိ ဦးငွေမောင် အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၆၀၂/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်သန်း၀င်း ၉/မရမ(နိုင်)၀၇၆၀၆၉ က အမှုတွဲအမှတ် (၁၉၂၀/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် (၈၁၉)၊ ဦးပိုင်အမှတ်(၇၀)၊ ၃၃x၃၄ကြား၊ ၆၂x၆၃လမ်းကြားရှိ ဦးလှရွှေ အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၇၆၄/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ပေါ်မြိုင် ၉/မရမ(နိုင်) ၀၄၃၇၂၈က အမှုတွဲအမှတ် (၁၉၂၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်အမှန်နှင့် ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (နမ္မတီး) Grade-12 မှ မဒေါ်ဂျောင်ဂရိတ်စလီဒေါင်နော၏ အမည်မှန်မှာ မဂရိတ်စလီ ဒေါင်နောဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးလွမ်းဒေါင် ၁/မကတ(နိုင်)၀၆၄၃၂၄ ဖြစ်ပါကြောင်း။

**ဦးလွမ်းဒေါင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/36367 Nulang 110 M/C ယာဉ်လက်၀ယ်ရှိသူ ဦးသက်၀င်း ၇/ပမန(နိုင်)၁၅၉၃၁၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် (ဇ-၄)၊ ဦးပိုင်အမှတ် ၉၇/ ၆၂လမ်း၊ ၁၁၁x၁၁၂လမ်းကြားရှိ ဒေါ်မြရင်အမည်ပေါက် ဂရန်မြေကွက်အား၊ ဖခင် ဦးဘိုခိုင်၊ မိခင်ဒေါ်မြရင်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးအေးမောင် ၉/မမန(နိုင်)၀၅၁၉၁၇၊ ဒေါ်ချိုချိုခိုင် ၉/မမန (နိုင်)၀၆၈၀၉၆၊ ဦးအောင်ခင် ၉/မရမ(နိုင်)၀၂၄၀၈၉ ၊ ဒေါ်အေးအေးခိုင် ၉/မရတ (နိုင်)၀၅၇၆၄၇၊ ဦးငွေအောင် ၉/မခန(နိုင်) ၀၁၂၁၇၂ တို့ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇ၀င်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇) ၊ ဦးပိုင်အမှတ် (၁၁၄-ခ/၄) ၊ ၁၄x၁၉ ကြား၊ ၆၀x၆၂ လမ်းကြားရှိ ဦးခင်မောင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်( ၂၇၄၅/၂၀၀၄) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းသန်း AE-၂၅၁၆၄၈ က အမှုတွဲအမှတ် (၁၉၂၁/ ၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/59017 ယာဉ်လက်၀ယ်ရှိသူ ဦး၀င်းနိုင်ဦး ၉/မသန(နိုင်)၀၉၆၁၀၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်) သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25U/4122, Bajaj RE 205D(200CC)3W Vehicle ယာဉ်လက်၀ယ်ရှိသူဦးစိုးသူ၇/နတလ(နိုင်)၁၁၄၃၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)**
**ပြည်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ် (၆၀၁/၂) ၊ ဦးပိုင်အမှတ် (၅၇) ၊ စစ်-မန်း ကားလမ်းနှင့် ဦးလင်းဘုရားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလှကို ၉/အမရ(နိုင်) ၀၅၀၃၁၃ က အမှုတွဲအမှတ် (၁၉၂၃/ ၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များ ဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၁၀၊ ဦးပိုင်အမှတ် ၇၆-ဃ၊ ၂၂x၂၆ ကြား၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေသွယ်မောင်မောင် ၉/အမဇ(နိုင်) ၀၀၀၀၇၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအ၀ယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇ၀င် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက် အမှတ်(နန-၁၃) ၊ ဦးပိုင်အမှတ် (၄၅+၄၆) /၅၉x၆၀A လမ်းကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးသော်သော်လင်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မွန်မွန်ဆွေ ၉/မနမ(နိုင်) ၀၂၈၉၉၆ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇ၀င် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၈)၊ ဦးပိုင်အမှတ်(၃-က)၊ ၅၈x၅၉ကြား၊ ၁၂၈x၁၂၉လမ်းကြားရှိဂရန်မြေကွက် အမည်ပေါက်သူ ဦးပေါ်ငွေးထံမှ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်အမှတ်(၆၇၂/၂၀၂၅)ဖြင့် ၀ယ်ယူခဲ့သူ ဦးဇော်လင်းထွန်း ၉/ကဆန(နိုင်)၁၈၉၀၉၈ က အမှုတွဲအမှတ် (၁၉၃၀/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည်အသက်

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်နေ ဒေါ်မလှစိန် က စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ ရွာကြီးမြောက်အကွက်၊ ဦးပိုင်အမှတ်(၄၈-ခ)၊ ဧရိယာ(၀ဒသမ၁၂၃)ကေအနက်မှ ဧရိယာ(၀ဒသမ၀၃၀)ကေရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းစံ(ခ)ဦးသိန်းဇံ ထံမှ စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်- ၂၆/၂၀၂၆ အရ ဘိုးဘပိုင်အိမ်ရာမြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောသက်သေ အထောက်အထားများဖြင့် စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်ဦးစီးဌာနမှူး၊ စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာန ၊ စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(ရ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၆၉+၉၂)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေသည် ဦးလှမြင့် အမည်ပေါက်လျက်ရှိပါသည်။ အဆိုပါအမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဦးအောင်ခိုင်ဇော်မှ ဝယ်ယူပိုင် ဆိုင်ခဲ့ပါသည်။ ဦးအောင်ခိုင်ဇော်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇောလင်းမှ ဦးပိုင်အမှတ်(၆၉) အားခွဲထွက်၍ ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ (၀ဒသမ၀၅၅)ကေရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးမင်းအောင်(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၄၅၀)**
**ပြင်ဦးလွင်မြို့။ ဖုန်း-၀၉ ၄၀၂၅၁၇၈၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီခရိုင်၊မှော်ဘီမြို့နယ်၊ တိုးချဲ့(၂) ရပ်ကွက်၊ အလောင်းဘုရားလမ်း၊ အိမ်ရာကွက်အမှတ် (Z/16)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဦးထွန်းထွန်းဦး (ဘ)ဦးအောင်ခင် (၇/ဒဥန(နိုင်)၀၁၅၈၁၄ )ထံမှ ကျွန်ုပ် ဦးမျိုးသန့်ရွှေ (၁၂/မဘန(နိုင်)၀၁၉၆၁၂ ) မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်တို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာရွက်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိတစ်ထပ်တိုက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးသန့်ရွှေ (၁၂/မဘန(နိုင်) ၀၁၉၆၁၂ )**
**သရက်တောလမ်း၊(၃)ရပ်ကွက်၊မှော်ဘီမြို့နယ်၊**
**ဖုန်း-၀၉-၅၃၉၃၁၉၇**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23U/8709,Bajaj RE 205 D 3W ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်သူရ ၈/ကမန(နိုင်)၀၈၄၆၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/9002, Mazda Demio DY 3W, Hatch Back(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/လမန(နိုင်) ၀၃၄၄၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/7599, Mitsubishi Canter FE 72 EEV, Truck(4X2)R M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အေး ၅/ရဘန(နိုင်) ၁၆၃၈၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/56891, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၅/မရန(နိုင်) ၀၁၅၇၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၁၇၉၊ ကျွန်းဘိုစမ်း)၊ မြေကွက်အမှတ် (ပ/တ-၃၇၇)၊ မြေဧရိယာ(၀.၀၈၀)ကေ၊ အကျယ်အဝန်းပေ(၅၀ x ၇၀)ရှိ ဒေါ်ခင်ကြည်(၉/ကပတ(နိုင်)၀၁၈၀၄၃) အမည်ပေါက်(၁၀)နှစ်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဖြစ်သူ ဒေါ်ခင်ကြည်မှ ၎င်းကိုယ်တိုင် ရောင်းချပိုင်ခွင့်ရှိသဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နွဲ့စန်း(၉/ကပတ(နိုင်)၀၉၄၀၇၄)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေမှ စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသပေးချေထားပြီဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ**
**ဒေါ်သန္တာထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၉၀)**
**အမှတ်၁၆၀၊ ဗန္ဓုလလမ်း၊ ပြည်တော်သာရပ်ကွက်**
**ကျောက်ပန်းတောင်းမြို့**
**ဖုန်း-၀၉-၄၅၀၇၃၉၄၀၃**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၅၂
### ကွယ်လွန်သူ ဦးခို၏ ကျန်ရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မုံတောကျေးရွာအုပ်စု၊ မုံတောကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခို ကျန်ရစ်သော အမရပူရမြို့နယ်မုံတောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၇၂-B/ မုံတောအလယ်)၊ ဦးပိုင်အမှတ်(၁၈/၁) ဧရိယာ(၉ဒသမ၈၁)ကေ အကျယ်အဝန်းရှိ ယာမြေအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်လှမြင့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၆ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခို ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၆ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်လှမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေခြည်လှိုင်းဇော )**
**ဒုတိယ ခရိုင်တရားသူကြီး(၁)**
**အမရပူရခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၂)၊ စိန်ခြယ်လမ်း၊ မြေကွက်အမှတ်(၁၇၈/က)ရှိ အကျယ်အဝန်း အလျားပေ(၂၀)Xအနံပေ(၆၀)၊ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ဦးချစ်လှ (MYGN -၀၀၅၉၀၆) အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ဇော်(၉/ကပတ(နိုင်) ၁၇၇၅၁၃)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးမင်းမင်းဘို(၁၂/စခန(စ)၀၅၉၅၀၉)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမင်းဘို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဂျူလိုင်မိုး(LL.B, D.B.L, D.I.L, WIPO DL-101 Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**ဖုန်း - ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/4491 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/4179 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက-၂ (G -11) မှ မောင်ဇော်မျိုးနိုင်၊ မောင်ဇော်မျိုးလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင် ၉/ပဘန(နိုင်)၁၂၄၃၂၈ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/73754, Canda Wave 6.110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးဆွေ ၁/ကမန(နိုင်) ၀၄၆၂၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/97282, Canda -125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စန်း ၅/စကန(နိုင်) ၁၆၇၄၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/4439 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

**(၁၃-၈-၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ဒေါ်ချိုချိုဦး နှင့် ဦးတင်မိုးမြင့် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမိုးမင်းဆွေ (တရားလွှတ်တော်ရှေ့နေ) ၏ ဒေါ်သန္တာဦး (၁၂/လမန (နိုင်) ၁၀၅၉၄၄)(မိသားစုဆောက်လုပ်ရေး)နှင့် အများသိစေရန်ကြေညာ ခြင်းအပေါ် တုံ့ပြန်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဝါဝါဝင်းလမ်း၊ အမှတ် (၅၅) နေ ဒေါ်သန္တာဦး (၁၂/လမန (နိုင်) ၁၀၅၉၄၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်း ကြေညာမှုပြုအပ်သည်မှာ -

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာဦးသည် (မိသားစုဆောက်လုပ်ရေး) အမည်ဖြင့် ကန်ထရိုက်လုပ်ငန်းများကို ကောင်းမွန်သောဂုဏ် သတင်းဖြင့်လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာဦးသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ် ကွက်၊ ဦးသင်းဖေလမ်း၊ ၇-အိမ်တန်း၊ အမှတ် ၃၀/၃၁၊ ဧရိယာ (၃၀ ပေ X ၅၀ ပေ) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် (၁၄ ပေခွဲ X ၅၀ ပေ) ကျယ်ဝန်းသည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်အဆောက်အဦးဆောက်လုပ်ရန်အတွက် မြေရှင်များ ဖြစ်ကြသော ဒေါ်ချိုချိုဦး၊ ဦးတင် မိုးမြင့်၊ ဦးဇာလီမြင့် တို့နှင့် (၄-၆-၂၀၂၄) ရက်စွဲပါ "ကန်ထရိုက်တာနှင့် မြေရှင်တို့ (၂) ခန်းတွဲ (၆) ထပ်အဆောက်အဦး အကျိုးတူ ကန်ထရိုက်တိုက် ဆောက်လုပ် ရန် နှစ်ဦးသဘောတူ ကတိစာချုပ်" ကိုချုပ်ဆိုခဲ့ကြကြောင်း၊ အဆိုပါစာချုပ် စာမျက်နှာ (၂) စာပိုဒ် (၃) ဖော်ပြချက်အရ အဆောက်အဦးဆောက်လုပ်ရန်အတွက် မြေရှင်များမှ ပေးအပ်သော စာရွက်စာတမ်းများမှာ ခိုင်လုံမှုမရှိ သောစာရွက်စာတမ်းများ ဖြစ်သည့်အတွက် ကန်ထရိုက်တာမှ မိမိပိုင်ငွေကြေးဖြင့် အထူးဂရန်လျှောက်ထားပေးရန် နှစ်ဦးနှစ်ဖက် သဘောတူညီထားခဲ့ကြကြောင်း၊ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန္တာဦး မှလည်း မြေရှင်များအား (၄-၆-၂၀၂၄) ရက်နေ့တွင်ငွေကျပ် ၄,၀၀၀,၀၀၀/-၊ (၆-၆-၂၀၂၄) ရက်နေ့တွင်ငွေကျပ် - ၄,၀၀၀,၀၀၀/-၊ (၂၂-၁-၂၀၂၅) ရက်နေ့တွင် ငွေကျပ် - ၁,၀၀၀,၀၀၀/- စုစုပေါင်း ငွေကျပ် - ၉,၀၀၀,၀၀၀/- ပေးအပ်ထားခဲ့ပြီးဖြစ်ကြောင်း၊ အထူးဂရန်လျှောက်ထားရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာဦး မှ မြေရှင်များအား အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ လာရောက်ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည့်အတွက် အထူးဂရန်လျှောက်ထားမှုအဆင်မပြေဖြစ်ခဲ့ရပြီး အဆောက်အဦးဆောက် လုပ်ရန်ကြန့်ကြာနေခဲ့ရခြင်းဖြစ်ပါကြောင်း ညွှန်ကြားပြောဆိုချက်အရ နှင့် စာရွက်စာတမ်းအထောက် အထားများအရ သိရှိရပါ သည်။

ထို့အပြင် (၂၂-၁-၂၀၂၅) ရက်စွဲပါ စာချုပ်အပိုဒ် (၂) အရ လူကြီးမင်း ဒေါ်ချိုချိုဦး၊ ဦးတင်မိုးမြင့် နှင့် ဦးဇာလီမြင့် တို့မှ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မည်သည့် ခိုင်မာသည့် အထောက်အထားတစ်စုံတစ်ရာမျှပေးအပ်ထားခြင်းမရှိသည်ကိုသိရှိပါလျက် မြေကွက်၏ပိုင်ဆိုင်မှု စာရွက်စာတမ်းများကို အလွဲသုံးစားပြုကာ အခြားသူထံလက်ရောက် ပေါင်နှံထားခဲ့ကြောင်း မမှန်မကန်စွပ်စွဲဖော်ပြကြေညာခြင်းသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်သန္တာဦး ၏ လူပုဂ္ဂိုလ်သိက္ခာ၊ လုပ်ငန်းဂုဏ်သိက္ခာများ ထိခိုက်ကျဆင်းခဲ့ရသည့် အတွက် လူကြီးမင်းတို့၏ ကြေညာချက်အား ဤကြေညာချက်ပါရှိသည့် နေ့/ရက်မှ စ၍ (၇) ရက်အတွင်း တရားဝင်ပြန်လည် ရုပ်သိမ်းပေးရန်အတိအလင်းတောင်းဆိုအပ်ပါကြောင်း နှင့် လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

ထို့အပြင် အဆောက်အဦးဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ လူကြီးမင်းတို့ဘက်မှသာ ပျက်ကွက်ခဲ့ခြင်းဖြစ်သည့်အတွက် လူကြီးမင်းတို့၏ တောင်းဆိုမှုအပေါ် လိုက်နာ ဆောက်ရွက်ပေးမည်မဟုတ်ပါကြောင်းတုံ့ပြန်ရှင်းလင်းကြေညာမှုပြုအပ်ပါသည်။

ညွှန်ကြားချက်အရ -
**ဦးအောင်မြင့်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၄၇၁)**
အမှတ် (၆၀) မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉၇၈၀၂၁၂၃၂၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ (ဂ)ကွင်း (၁)လမ်းနေ ဒေါ်စန်းစန်းအေး (၈/မမန(နိုင်) ၀၀၁၈၅၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကျွန်ုပ်တို့က ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်စန်းစန်းအေးမှ အိမ်နှင့်ဝိုင်းမြေအား လက်ရှိထား အကျိုးခံစားပိုင်ဆိုင်သူ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့နေ ဒေါ်ခင်အေးမော်(နိုင်ငံသားစိစစ်ရေးအမှတ်-၈/ ပခက(နိုင်) ၀၄၀၄၅၉)ထံမှ အိမ်နှင့်ဝိုင်းမြေအကျိုးခံစားခွင့်အရပ်ရပ်တို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်၍ ဂရန်မြေအမည်ပေါက်လျှောက်ထားမည် ဖြစ်ပါသည်။ အဆိုပါ အိမ်ဝိုင်းမြေမှာ ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်တွင် လိုင်စင် အမှတ်-၃၅၈၂/၈၇-၈၈၊ မြို့မြေခွန်တော်အမှုအမှတ် ၃၅၈၂/၈၇-၈၈ ဖြင့် ပခုက္ကူမြို့၊ အမှတ်(-)ရပ်ကွက်တွင် တည်ရှိသည့်အကွက်အမှတ် - ၃၃၉၊ ဦးပိုင်အမှတ် -B.၁၇၁/၈၅-၈၆ ခေါ်အောက်မြေတွင် နယ်နိမိတ်သတ်မှတ်ရာ (၀.၀၅၅)ကေခန့်ရှိ မြေကို ယင်းရက်မှစ၍ ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဦးတင်အောင် အား ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်အထိ အငှားပတ္တာဂရန်စာချုပ်ပြုလုပ်ချထားခဲ့ပါသည်။ ယင်းဝိုင်းမြေ နယ်နိမိတ်အလားအလာမှာ မြောက်အလား--၁ လမ်း၊ အရှေ့အလား-ဦးပိုင်အမှတ်-၁၇၂(ဦးကိုလေး)၊ တောင်အလား-လမ်းကြား၊ အနောက်အလား B.၁၇၀(ဦးအုန်းကျော်)ဟူသော နယ်နိမိတ်အတွင်းတည်ရှိကြောင်း၊ အငှားပတ္တာဂရန် စာချုပ်ဖြင့် ပခုက္ကူမြို့၊မြို့နယ်အခွန်ဦးစီးဌာနမှူးမှ ချထားခဲ့ပါသည်။ ယင်းမြေကွက်နှင့် ၎င်းမြေကွက်ပေါ် ရှိအဆောက်အအုံတွင် ဦးတင်အောင်မှ လက်ရှိနေထိုင်အကျိုးခံစားပြီးနောက် ဦးလှဆောင်သို့ လည်းကောင်း၊ ဦးလှဆောင်မှ ဦးဟံတင်သို့လည်းကောင်း၊ ဦးဟံတင်+ဒေါ်စောညွှန့်မှ ဦးဇော်ဝင်း + ဒေါ်ခင်မာတင်သို့လည်းကောင်း၊ ၎င်းနောက် ဦးတင်စိန်+ဒေါ်ခင်အေးမော်သို့ လည်းကောင်း အဆင့်ဆင့် အိမ်နှင့်ဝိုင်းမြေ အကျိုးခံစားခွင့်များကို စာချုပ်ပြုလုပ်၍ လက်ရောက်ရောင်းချခဲ့ကြကြောင်း၊ ထို့ကြောင့် ဦးတင်စိန် ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်ခင်အေးမော်က ဒေါ်စန်းစန်းအေးထံသို့ ယင်းမြေကွက်၏အရှေ့ဘက်ခြမ်းဖြစ်သော အရှေ့အလား-ဦးပိုင်အမှတ်-B-၁၇၂၊ အနောက် အလား- ဦးအောင်ကိုကို၏မြေကွက်၊ တောင်အလား-လမ်းကြားနှင့် မြောက် အလား-(ဂ)ကွင်း(၁)လမ်းအတွင်းရှိ ပေ(၂၀)x ပေ(၆၀)နှင့် ၎င်းဝိုင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မှတ်ပုံတင်စာချုပ်ပြုလုပ်ရောင်းချပြီး ဂရန်လျှောက်ထားမည် ဖြစ်ပါသည်။ ယင်းသို့ လျှောက် ထားခြင်းနှင့်ပတ်သက်၍ ခိုင်မာသည့်စာချုပ်စာတမ်းအထောက်အထားများ နှင့်တကွ ယခုကြေညာသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်တင်ပြခြင်းမရှိပါက ဒေါ်စန်းစန်းအေးက ဂရန်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်မာဦး LL.B** | **ဦးစိန်မြင့် B.A(Law);LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၀၇/၄-၄-၂၀၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၃/၂၈-၂-၁၉၇၉)** |
| **မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ပခုက္ကူမြို့** | **နေသူရိန်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ပခုက္ကူမြို့၊** |
| | **ဖုန်း-၀၉-၂၅၉၅၅၉၁၁၈** |

## ဦးကြည်မောင်
### အ.ထ.ပြ(ငြိမ်း)၊ အထက(၆)ဗိုလ်တထောင်
### အသက်(၉၃)နှစ်

(ဦးဘရှင်-ဒေါ်ငွေရှင်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ်(၉၀၂)နေ ဒေါ်ငွေဥ(ခ)ဒေါ်ခင်သက် ၏ခင်ပွန်း၊ ဒေါ်ကေသီဦး -(ဦးမင်းဇော်ဦး)၊ ဦးဇာနည်မောင်၊ ဒေါက်တာသီဟမောင် တို့၏ ချစ်လှစွာသောဖခင်၊ မယွန်းဖူးဝေ ၏ ချစ်လှစွာသောအဘိုး ဖြစ်သူသည် ၂၃-၈-၂၀၂၆ ရက်(တနင်္ဂနွေနေ့) မွန်း လွဲ ၂:၅၀ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၅-၈-၂၀၂၆ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးဒေါက်တာလင်းထက်ကျော်အောင်
### (တပ်မတော် ရေ-၄၄၅၉)
### DSTA(8)
### အသက်(၄၄)နှစ်

နေပြည်တော် ဥတ္တရသီရိနေ ဗိုလ်မှူးချုပ်ကျော်အောင်(ငြိမ်း)-ဒေါ်မာလာဝင်းတို့၏သားကြီး၊ လယ်ဝေးမြို့နယ်၊ သာဝတ္ထိမြို့နေ ဦးသက်ခိုင်-ဒေါ်ခိုင်မြင့်မြင့် (ခိုင်သဇင် ဆန်စက် ဆီစက်နှင့် ပွဲရုံလုပ်ငန်း)တို့၏သားသမက်၊ ဒေါ်အိခိုင်ဇင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ပွင့်ကေခိုင်(နိုင်ငံခြားရေး)၊ မခိုင်ကေဇင်တို့၏ ချစ်လှစွာသောအစ်ကို၊ မောင်ရှိုင်းလင်းထက်(နိုနို)၊ မောင်မိုင်းမိုင်းတို့၏ ကျေးဇူးရှင်ဖခင်ဖြစ်သူ ဗိုလ်မှူး ဒေါက်တာလင်းထက်ကျော်အောင် (၄၄) နှစ်သည် ၂၁-၈-၂၀၂၆ ရက် နံနက် (၈:၄၅) နာရီတွင် ကျောက်ဖြူမြို့၌ ၉၆ပါးသောရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၂-၈-၂၀၂၆ ရက်တွင် ကျောက်ဖြူမြို့ သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေး တရားနာယူခြင်းကို အထက်ဖော်ပြပါ သာဝတ္ထိမြို့နေအိမ်၌ ၂၇-၈-၂၀၂၆ရက် နံနက် (၇) နာရီ မှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ တရားနာကုသိုလ်ယူကြွရောက်နိုင်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ဥတ္တရသီရိနေဗိုလ်မှူးချုပ်ကျော်အောင်(ငြိမ်း)-ဒေါ်မာလာဝင်း တို့၏သားကြီး၊ ရေ-၄၄၅၉ ဗိုလ်မှူး ဒေါက်တာလင်းထက်ကျော်အောင် (၄၄) နှစ်သည် ၂၁-၈-၂၀၂၆ ရက် နံနက် (၈:၄၅) နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသည်ကို သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**သီဟ(၅၈)မိသားစု၊ နေပြည်တော်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32W/84852 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၉/မခန(နိုင်)၀၁၉၆၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/56634, New Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထိုက် ၁၄/ပသန(နိုင်) ၂၆၉၃၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/68997, Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလွင်ဦး ၉/ခမစ(နိုင်) ၀၈၈၀၇၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/64720, Stream II-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘိုတင့် ၈/နမန(နိုင်) ၁၀၅၇၄၇ ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဦးမြင့်သိန်း(Albert)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့နေ (ဦးကြာညွန့်-ဒေါ်ယဉ်ကြည်)တို့၏သား၊ (ဦးသိန်းဟန်-ဒေါ်ရီ)တို့၏တူ၊ (ဦးမြင့်သိန်း-ဗိုလ်မှူး ဒေါ်ရင်မေ)တို့၏သားမက်၊ ပဲရစ်မြို့နေ ဒေါ်ခင်ဝေသီ(Rose)၏ခင်ပွန်း၊ (ဦးသန်းထွဋ်-ဒေါ်အေးမြင့်)၊ (ဒေါ်ခင်ဝင်း- ဦးမောင်ကို) တို့၏ ညီ/မောင်၊ ဒေါ်ကြည်ကြည်ညွန့်- ဒေါက်တာထွန်းဦး၊ ဒေါက်တာညွန့်ဝေ- ဒေါ်ခင်လေးမူ၊ (ဦးဇော်ဝင်းနိုင်)တို့၏ အစ်ကို၊ ဒေါ်ခင်စိုးပိုင် - မစ္စတာယူမိတ်၊ ဦးရွှေသွေး၊ ဦးသန်းငွေ - ဒေါ်မာလာအေး၊ ဦးဝင်းကို၊ ဦးအုံ့ခိုင်- ဒေါ်မေအေးသွယ်၊ ဦးစုငွေ၊ ဦးအုံ့ကျော်-ဒေါ်စန်းစန်းဦး၊ ဒေါ်နီလာသန်းထွဋ်- မစ္စတာ မဇူဒါ၊ ဦးကျော်သူထွန်း-ဒေါ်စုစုငွေ၊ ဦးကျော်စွာထွန်း၊ ဒေါ်အိအိခင်- ဦးထွန်းနိုင်၊ ဒေါ်ခိုင်ဇာထွန်း-ဦးကျော်ကျော်ထက်(ကယ်ဗင်ထက်)၊ ဦးသန့်စင်ဦး၊ ဒေါ်ချိုနှင်းလွင်-ဦးမောင်ဇော်၊ ဒေါ်နေနွယ်ဦး- Mr. Manuel Ternon တို့၏ ဦးလေး/ဘကြီး ဦးမြင့်သိန်း(Albert) BCom BL RA အသက်(၉၃)နှစ်သည် ၁၇-၈-၂၀၂၆ ရက် (တနင်္လာနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ပဲရစ်မြို့တွင်ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၂၆ရက် နံနက် ၁၁ နာရီတွင် ပဲရစ်မြို့ Pere- Lachaise တွင်သဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေဟသာ်ာစံကျောင်းတွင် ၂၃-၈-၂၀၂၆ရက်တွင် အရုဏ်ဆွမ်းကပ်လှူပြီးစီးဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးလှမောင်
### ထိန်တော၊ မိုးညိုမြို့
### အသက်(၈၁)နှစ်

ထိန်တောမြို့နေ (ဦးထွန်းပု-ဒေါ်အေးကြွေ) တို့၏သား၊ ဒေါ်သောင်းမြင့်၏ခင်ပွန်း၊ ဦးတင်ထွန်း၊ ဒေါ်အေးအေးငြိမ်း တို့၏အစ်ကို၊ ဦးမင်းဇော်-ဒေါ်အေးအေးသိန်း၊ ဒေါ်မိုးသီရိ၊ ဒေါ်မိုးသူဇာ၊ ဦးကျော်သူရ-ဒေါ်မိုးထက်ထက်ရည်တို့၏ဖခင်၊ မြေး (၃)ယောက်၊ မြစ် တစ်ယောက် တို့၏အဘိုးဖြစ်သူ ဦးလှမောင်သည် ၂၃-၈-၂၀၂၆ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ တော်ဝင်လမ်း၊ (၃) ရပ်ကွက်၊ အမှတ်(၁၆/၄၇)နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၂၆ ရက် မွန်းလွဲ ၁:၃၀နာရီအချိန်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၂၆ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### တေးရေး/တေးဆို
### ကိုင်ဇာ(ခ)ဦးညီညီဝင်း
### အသက်(၆၆)နှစ်

အမှတ်(၂)ဒေသကောလိပ်၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) လိမ္မော်ရောင်ကောလိပ် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ-နိုင်ငံကျော် အဆိုတော်ကြီးကိုကိုင်ဇာ သည် ၂၂-၈-၂၀၂၆ ရက် (စနေနေ့) ည ၇ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရပါ၍ မိသားစုနှင့် ထပ်တူ လိမ္မော်ရောင်ကောလိပ်မောင်နှမများမှ ထပ်တူဝမ်းနည်းကြေကွဲပါသည်။ ကိုညီကောင်းရာ သုဂတိလားပါစေ။

**လိမ္မော်ရောင်ကောလိပ်**
**အမှတ်(၂) ဒေသကောလိပ်၊**
**ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း / အကွက်အမှတ် ( ၆ / ပဒေသာ)၊ ဦးပိုင်အမှတ် (၇၂)၊ မြေဧရိယာ ( ၀ဒသမ၀၅၅ ) ဧကရှိ မြေကွက်အား မြေငှားဂရန် ( ဂရန်သစ် ) လျှောက်ထားနိုင်ရေး ဦးကျော်ခမ်း မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)ရပ်ကွက်၊ ပုန်းညက်မြိုင်လမ်း မြေကွက်အမှတ်(၁၃၂၈/က) ဟုခေါ်တွင်သာမြေအလျား x အနံပေ(၂၂' x ၆၀')ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းဦး(၁၂/မရက(နိုင်)၀၂၄၃၉၀) ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မျိုးအောင်(၁၃/တမည(နိုင်)၀၀၃၅၅၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြကြူ(၆/မအရ(နိုင်)၀၄၂၅၂၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တနန္ဒိယ
### မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ၊
### B.A(Buddhism)၊ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ
### တောင်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ
### ဝိနယာဓိကပုညသဟာယစာမေးပွဲဖြစ်မြောက်ရေးအကျိုးတော်ဆောင်
### သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ဝိုင်း၊ ဓမ္မသိပ္ပံစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒိယ(မဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ၊ B.A(Buddhism) ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ၊ ဝိနယာဓိကပုညသဟာယ စာမေးပွဲဖြစ်မြောက်ရေးအကျိုးတော်ဆောင်၊ သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၆၁)နှစ်သည် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်) မွန်းလွဲ ၁၂:၁၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပါကြောင်းနှင့် ဆရာတော်ကြီး၏ရုပ်ကလာပ်တော်ကို ၂၄-၈-၂၀၂၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် စံကျောင်းချ ပူဇော်ပါမည်။

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့် ၂၈-၈-၂၀၂၆(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ဓမ္မသိပ္ပံစာသင်တိုက်မှ ကားများထွက်၍ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဆရာတော်၏ နောက်ဆုံးအန္တိမစျာပန ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များ၊ ဒါယကာ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမများ ဓမ္မသိပ္ပံစာသင်တိုက်**

## တေးရေး/တေးဆို
## ကိုင်ဇာ(ခ) ဦးညီညီဝင်း
### အသက်( ၆၆ )နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိကွန်ဒို၊ အခန်းအမှတ်(စီ-၃၁၄) နေ ( ဦးစိန်ဝင်း၊ အယ်ဒီတာချုပ်(ငြိမ်း)နိုင်ငံတကာရေးရာဂျာနယ်) - (ဒေါ်သန်းသန်း) ကျောင်းအုပ်ကြီး(ငြိမ်း)အထက-၂(တာမွေ)တို့၏သား၊ ဆီဇာ(ခ)ဦးကိုကိုဝင်း၏ညီသည် ၂၂-၈-၂၀၂၆ ရက်၊ (စနေနေ့) ည(၇)နာရီတွင် ဝိတိုရိယဆေးရုံတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၄-၈-၂၀၂၆ရက် (တနင်္လာနေ့) ညနေ(၄)နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်နှင့် ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၂၆ရက် (သောကြာနေ့) နံနက်(၈) နာရီမှ (၁၂) နာရီထိ အခန်းအမှတ်(စီ-၃၁၄)၊ သီရိကွန်ဒို၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊(ဘ) ဦးရမ်းပရ်ဘေ့စ်၏သား အထက (ဘာဘူကုန်း)ကျောင်း Grade-12(A) မှ မောင်ရာဂျစ်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၃-၁-၂၀၀၇)ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အ.ထ.က (၄)၊ Grade - 5 မှ မောင်ဥာဏ်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကျိန်းဝူ (၁၃ /လရန(နိုင်) ၁၂၁၃၈၁) ဖြစ်ပါသည်။

**ဦးကျိန်းဝူ**

### ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/32170 ယာဉ်လက်ဝယ်ရှိသူ ဦးအုံ့မော်ငြိမ်း ၉/မခန(နိုင်)၂၈၆၄၈၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ မြေကွက်အမှတ်(၃၆) ပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ (၃)ထပ်တိုက် အဆောက်အအုံ၏၃-လွှာ(ဒုတိယထပ်) (တိုက်ဘက်ကိုမျက်နှာမူ၍ကြည့်လျှင်ယာဘက်ခြမ်းအခန်း)၊ ဧရိယာ(၁၂ပေခွဲxပေ၅၀) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အစဉ်အဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဒီလ်ဒါရ်(၁၂/မဂတ(နိုင်)၁၂၁၄၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသော်မင်း (၁၂/မဂတ(နိုင်)၀၃၁၆၀၁)နှင့် ဒေါ်ဥမ္မာလွင် (၁၂/မဂတ(နိုင်) ၀၄၈၉၇၆) တို့က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ (သို့)ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးသူ(LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၆၂)**
**အမှတ်(၉၁)၊ ၄ - လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉- ၄၂၀၁၃၂၂၇၆**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/90326, Dayang-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမိုး ၉/တသန(နိုင်)၁၈၅၇၇၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/29334, Jialing-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေသန်း ၅/ခဥန(နိုင်) ၁၅၃၇၈၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/52442 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသူဇော် ၉/နထက(နိုင်)၁၉၇၀၂၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

### ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/44082 ယာဉ်လက်ဝယ်ရှိသူ ဦးပြေကျော် ၉/တသန(နိုင်)၁၀၆၀၅၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

သွေးသည် အသက်

❖ နိုင်ငံတော်ရှေ့သို့ဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ရှေ့ဝတီအသင်း AFC Women's Champions League အုပ်စုအဆင့်ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခွင့်ရ



ရန်ကုန် ဩဂုတ် ၂၃

၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ် (AFC Women's Champions League) ခြေစစ်ပွဲအုပ်စု (F) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာကလပ် ရှေ့ဝတီအက်ဖ်စီအသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် New Taipei City Hang Yuan FC အသင်းတို့ ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရှေ့ဝတီအက်ဖ်စီအသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုပထမနေရာရရှိရေး နှစ်သင်းစလုံးအတွက် အရေးပါသည့် ပွဲစဉ်ဖြစ်သည့် ပထမပိုင်းတွင် နှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးမသွင်းယူနိုင်ဘဲ သရေရလဒ်ဖြင့် ပြီးဆုံး ခဲ့သည်။

ဒုတိယပိုင်း ပွဲစသည်နှင့် ဂိုးကွာခြားချက်အရ နိုင်ပွဲလိုအပ်နေသည့် New Taipei City အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၅၇ မိနစ်တွင် ညာတောင်ပံမှ မက်ဆူအိုပေးပို့သည့် ဘောလုံးမှတစ်ဆင့် လူစားဝင်ကစားသမား လင်းမြင့်မိုရ်က

စာမျက်နှာ ၁၆ ကော်လံ ၁ ❂

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။



# MFF ယူ-၁၆ ပြိုင်ပွဲတွင် FFU Minmahaw နှင့် Victoria တို့ ဂိုးပြတ်နိုင်

ရန်ကုန် ဩဂုတ် ၂၃

အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကြီးမှူးကျင်းပသည့် MFF U–16 Youth Futsal League 2026 ပွဲစဉ်(၁၀) ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌

စာမျက်နှာ ၁၆ ကော်လံ ၃ ❖

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အားကစားသမား ၃၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

နေပြည်တော် ဩဂုတ် ၂၃

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကြီးကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မျှတမှုရှိစေရေးနှင့် မျိုးဆက်သစ်များ အခွင့်အရေးရရှိစေရန်အတွက် အာရှအားကစားပြိုင်ပွဲ(ASIAN Games)နှင့် ဆီးဂိမ်းပြိုင်ပွဲ (SEA Games) တို့တွင် သွားရောက် ယှဉ်ပြိုင်ခဲ့ဖူးသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများကို ယခုပြိုင်ပွဲတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ✳



# အက်စ်ပီ၏ နောက်ကျသွင်းဂိုးကြောင့် ရီးရဲမက်ဒရစ်က အက်စ်ပန်ညိုကို နိုင်ပွဲရ



စပိန်လာလီဂါပွဲစဉ် (၂) မှ ဩဂုတ် ၂၃ ရက် နံနက် ၂ နာရီက RCDE Stadium ၌ ယှဉ်ပြိုင်ကစားခဲ့သည့် အက်စ်ပန်ညိုနှင့် ရီးရဲမက်ဒရစ် အသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ် အသင်းက လူစားဝင်တိုက်စစ်ကစားသမား အက်စ်ပီ၏ နောက်ကျသွင်းဂိုးကြောင့် နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၅ ❒

# ကလေးမြို့တွင် ငွေကျပ် ၁၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ခြောက်သန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

ကလေးမြို့တွင် ငွေကျပ် ၁၅ ဘီလီယံကျော်တန်ဖိုးရှိစိတ်ကြွဆေးပြား ခြောက်သန်းကျော် ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ■




## ယနေ့ မာ တိ ကာ

**နာဆာက မျိုးဆက်သစ် အာကာသတယ်လီစကုပ်ကို ယခုလနှောင်းပိုင်း လွှတ်တင်မည်**

နိုင်ငံတကာသတင်း စာ ၁၄

**ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့တွင် တက္ကစီယာဉ်မောင်းများအား စားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များအား လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားလေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၆